# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၂၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၂/၂၀၂၂) ကျင်းပ

## မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီး

နေပြည်တော် အောက်တိုဘာ ၂၅

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၂)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းသူများ၏

*စာမျက်နှာ ၃ ကော်လံ ၁* ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၂/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**ယနေ့** *ဖတ်စရာ*

တက္ကသိုလ် ဒုတိယနှစ်နှင့် အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည် — ပြည်တွင်းသတင်း | စာ - ၇

အဆိပ်မှိုင်းနှင့် အဆိပ်သင့်ဆဲ၊ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်ဆဲ — ဆောင်းပါး | စာ - ၁၀

ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ် ရီရှီဆူးနက်ခ် ဖြစ်လာမည် — နိုင်ငံတကာသတင်း | စာ - ၁၃

လောင်စာဆီအကျပ်အတည်းကြောင့် အေးခဲလုသည့် ဆောင်းရာသီတွင် ကျောင်းတက်ရန် ထိတ်လန့်နေကြသည့် လက်ဘနွန် ကျောင်းသားများ — နိုင်ငံတကာရေးရာ | စာ - ၁၄

မြန်မာ့အလင်း

## အကျိုးစီးပွားကိုယ်စီမြင့်မားကြမည့် အကျိုးတူလယ်ယာစနစ်တွင် ပါဝင်

ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးမွေးမြူထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အကျိုးတူလယ်ယာ(Contract Farming) စနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် (၁) တောင်သူအစုအဖွဲ့ သို့မဟုတ် တောင်သူသမဝါယမများ၊ (၂) သွင်းအားစုကုမ္ပဏီများနှင့် (၃) အကျိုးတူလယ်ယာစနစ်တွင် ပါဝင်ဆောင်ရွက်မည့် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်ပိုင်ရှင်များ သို့မဟုတ် ပို့ကုန်လုပ်ငန်းရှင်များဟူ၍ အုပ်စုသုံးစုပါဝင်ပြီး စာချုပ်ချုပ်ဆို ဆောင်ရွက်ကြရခြင်းဖြစ်သည်။

အကျိုးတူလယ်ယာစနစ် ဆောင်ရွက်ခြင်းတွင် ပါဝင်သည့် အုပ်စုသုံးစုတို့ အကျိုးအမြတ်ကိုယ်စီရရှိရေးတွင် တောင်သူများအတွက် သီးနှံများ၏ ဈေးနှုန်းနှင့် ဈေးကွက်တို့ သေချာရေရာပြီး ဝင်ငွေပိုမိုရရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်း၊ သွင်းအားစုကုမ္ပဏီများအတွက်လည်း မိမိတို့ ကုမ္ပဏီ၏ မြေဩဇာ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးဆေးများအတွက် ပိုမိုကျယ်ပြန့်သေချာခိုင်မာသည့် ဈေးကွက်ကို ရရှိနိုင်ခြင်း၊ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်ပိုင်များနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအတွက် အရည်အသွေးကောင်းမွန်သည့် သီးနှံထုတ်ကုန်များ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ကိုယ်စီရရှိကြမည်ဖြစ်သည်။ ယင်းသို့ ရရှိနိုင်ရန်မှာ တောင်သူများ၏ လုံ့လဝီရိယနှင့် အားထုတ်ကြိုးပမ်းမှု၊ သွင်းအားစုကုမ္ပဏီများက အရည်အသွေးကောင်းမွန်သည့် ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ဆေး စသည့် သွင်းအားစုများကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာ ထုတ်ပေးမှု၊ စက်ပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များကလည်း သမာသမတ်ကျကျ မျှတစွာ ဝယ်ယူမှုများ စသည်ဖြင့် သုံးစုသုံးဖလှယ် ဟန်ချက်ညီကြရန် လိုသည်။ စုပေါင်းညီညာ၊ စုပေါင်းဆောင်ရွက်ကြရခြင်းပင်ဖြစ်ရာ ညီညီညွတ်ညွတ် ကြိုးပမ်းကြသည်နှင့်အမျှ အောင်မြင်မည်ဖြစ်ပြီး အကျိုးအမြတ်ကိုယ်စီ ဖြစ်ထွန်းကြမည်ဖြစ်သည်။

ယခုအခါ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နွေစပါးနှင့်ဆောင်းပဲတီစိမ်းသီးနှံများ အကျိုးတူ လယ်ယာစနစ်ဖြင့် ဆောင်ရွက်ရေးအတွက် ကုမ္ပဏီများကို ဖိတ်ခေါ်ထားပြီဖြစ်သည်။ အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးသီးနှံကို နေပြည်တော်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧက ၈ ဒသမ ၅ သိန်းကို လည်းကောင်း၊ အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်းပဲတီစိမ်းသီးနှံကို ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧက ငါးသိန်းကို လည်းကောင်း စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ရာ နွေစပါးတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသည့် သွင်းအားစုများကို လည်းကောင်း၊ ဆောင်းပဲတီစိမ်းတစ်ဧကလျှင် ငွေကျပ် တစ်သိန်း နှစ်သောင်းနှင့် ညီမျှသည့် သွင်းအားစုများကိုလည်းကောင်း ပံ့ပိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

နွေစပါးနှင့် ဆောင်းပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုအတွက် နိုင်ငံတော်ချေးငွေ ၄၀၀ ဘီလီယံမှ ၂၃၀ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ရာ နိုင်ငံတော်၏ ထူးထူးခြားခြား ပံ့ပိုးကူညီအားပေးမှုများနှင့်အတူ အကျိုးတူ လယ်ယာစနစ်တွင် ပါဝင်မည့် တောင်သူနှင့် လုပ်ငန်းရှင်အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် စိုက်ပျိုးထုတ်ကုန်များ ထုတ်လုပ်မှု မြင့်မားတိုးတက်၍ အကျိုးအမြတ်များစွာ ဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ မြှင့်တင်နိုင်ကြပါစေကြောင်း။ ။

## အကျိုးတူလယ်ယာ (Contract Farming)စနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် အသိပေးကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်စီမံခန့်ခွဲမှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကျိုးတူလယ်ယာစနစ် (Contract Farming) စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နွေစပါးသီးနှံနှင့် ဆောင်းပဲတီစိမ်းသီးနှံအား အကျိုးတူ လယ်ယာ(Contract Farming)စနစ်ဖြင့် ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်း ရှင်များအသင်းတို့နှင့် ညှိနှိုင်း၍ အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်လိုသော ကုမ္ပဏီများအား ဖိတ်ခေါ်ထားပြီးဖြစ်ပါသည်။

စိတ်ပါဝင်စားသော ကုမ္ပဏီများ၊ အသင်းအဖွဲ့များအနေနှင့် စပါးသီးနှံအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် လည်းကောင်း၊ ဆောင်းပဲတီစိမ်းသီးနှံအတွက် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့်လည်းကောင်း၊ တောင်သူများကို သွင်းအားစုဖြန့်ဖြူးနိုင်ရေးအတွက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့နှင့်လည်းကောင်း အမြန်ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ထပ်မံအသိပေး ထုတ်ပြန်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ (၀၁-၂၁၈၂၆၆၊၀၁-၂၃၀၁၁၂၈)၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ (၀၁-၂၃၁၄၈၂၈၊ ၀၁-၂၃၁၄၈၃၆)၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်း၊ (၀၉-၇၆၅၄၁၁၃၇၀၊ ၀၉-၅၀၁၂၆၆၂)တို့အား ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၂၄ကျောင်းတို့တွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့် စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် အထည်ချုပ် စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံ လက်ရက်ကန်းသင်တန်းများကို ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။





ထိုသို့ ဖွင့်လှစ်ရာတွင် လွိုင်ကော်မြို့ သင်တန်းကျောင်း၌ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် **(အပေါ်ပုံ)**၊ ဘားအံမြို့ သင်တန်းကျောင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့သင်တန်းကျောင်း၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပုသိမ်မြို့ သင်တန်းကျောင်း၌ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကော့သောင်းမြို့ သင်တန်းကျောင်း၌ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ လားရှိုးမြို့ သင်တန်းကျောင်း၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး တို့တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံ လက်ရက်ကန်း သင်တန်းသို့ သင်တန်းသူစုစုပေါင်း ၇၉၀ တက်ရောက်၍ ၂၅-၁၀-၂၀၂၂ ရက်မှ ၂၄-၃-၂၀၂၃ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၄၃၂ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီပေါမြို့၌ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်၊ မြို့ပြနှင့်ကျေးလက် လွယ်ကူစွာ ဆက်သွယ်နိုင်

**သီပေါ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာနက မြို့သန့်ရှင်းရေးအတွက် မြို့တွင်းလမ်းများကို တစ်လမ်းပြီးတစ်လမ်း စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယသုံးလပတ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၆၄၀၀၀၀၀ ဖြင့် ဆောင်ရွက်သော ပန်းတိမ်မြောက်ရပ်ကွက် ရွှေညောင်ပင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ကတ္တရာလမ်းတိုးချဲ့ခြင်း အရှည်ပေ ၂၀၀ ၊ အကျယ်ပေ ၂၀၊ ထုခြောက်လက်မ ခင်းခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယနေ့ပြီးမြောက်ပြီဖြစ်သည်။ (ဝဲပုံ)

အဆိုပါလမ်းများကို အဆင့်မြှင့် ဆောင်ရွက်ပေးသဖြင့် မြို့ပြနှင့်ကျေးလက်ဒေသအပြင် ပတ်ဝန်းကျင်မြို့နယ်များသို့ ဒေသထွက်ကုန်သီးနှံများ၊ ကုန်စည်များကို လွယ်ကူစွာ ပို့ဆောင်ဆက်သွယ်နိုင်သဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်သည်။

**စိုင်း(သီပေါ)**

❂ *ရှေ့ဖုံးမှ*
အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) အတွင်းရေးမှူး၊ မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဒုတိယအကြိမ်မြောက်ကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမျိုးသားကော်မတီအစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပခဲ့ရာ ယခုအစည်းအဝေးသည် ၂၀၂၂ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယခုအချိန်ကာလသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်ရဆဲဖြစ်ပြီး အောင်မြင်စွာဖြတ်ကျော်လျက်ရှိရာ ကိုဗစ်-၁၉ ကပ်ရောဂါ အလွန်ကာလများတွင် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိကြောင်း၊ အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို အတည်ပြုပြဋ္ဌာန်းခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ငွေကျပ် (၃)ဘီလီယံကို တိုးပွားအောင် ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများသို့ ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၂-၂၀၂၇) ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အာဆီယံမဟာဗျူဟာ လုပ်ငန်းအစီအစဉ် ၂၀၂၅ တို့နှင့်အညီ ရေးဆွဲခဲ့ပြီး စက်တင်ဘာ ၁၅ ရက်တွင် မိတ်ဆက်ဖြန့်ချိပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းစဉ်များတွင် အသုံးစရိတ်များ ကျခံသုံးစွဲနိုင်ရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပြတောင်းခံသွားကြရန်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေများ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များ၊ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေး၊ တရားမျှတမှုရရှိပိုင်ခွင့်၊ သုတေသနနှင့် စောင့်ကြည့်အကဲဖြတ်စသည်ဖြင့် ဆပ်ကော်မတီ(၉)ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

■ **မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ (၄) ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

■ **မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သောပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်မည်ဖြစ်၍ မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်**

**မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်**

မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ (၄) ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သောပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်မည်ဖြစ်၍ မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်စေရေး စီမံကိန်း ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ရန်ပုံငွေကိုတိုးပွားအောင် ဆောင်ရွက်**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ရန်ပုံငွေကျပ် (၃)ဘီလီယံကို အလေအလွင့်မရှိစေဘဲ စနစ်တကျတိုးပွားစေရေးအတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေကာလတို သုံးနှစ်ထုတ်ချေးပြီး ရန်ပုံငွေကိုတိုးပွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုးပွားလာသည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မသန်စွမ်းသူများ အကျိုးပြုလုပ်ငန်းများတွင် ထောက်ပံ့သုံးစွဲသွားမည်ဖြစ်သည့်အတွက် မသန်စွမ်းသူများအတွက် အမှန်တကယ် အကျိုးရှိစေမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏အောက်တွင် ချေးငွေထုတ်ချေးရေးကော်မတီ၊ ချေးငွေစိစစ်ရေးအဖွဲ့နှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့များဖွဲ့စည်းရန် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ အရင်းမပျောက် မတည်ရန်ပုံငွေမှ တိုးပွားလာမည့် ရန်ပုံငွေကို မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးပေးမည့် အစီအစဉ်နှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲနိုင်ရေးအတွက် မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသွားရကြရမည်ဖြစ်ကြောင်း။

**စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရမည်**

မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီးကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် Vocational Training သင်တန်းများတွင် မသန်စွမ်းသူများ ပုံမှန်ပါဝင်တက်ရောက်နိုင်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိစေရေးအတွက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၊ လုပ်ငန်းရှင်များ၊ စီမံအုပ်ချုပ်သူများကို မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေနှင့် ဝေပုံကျနှုန်းထား အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအား အလုပ်အကိုင်ခန့်ထားပေးသည့် လုပ်ငန်းအဖွဲ့အစည်းများကိုလည်း ဂုဏ်ပြုပေးရမည်ဖြစ်ကြောင်း။

**အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိ**

မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ SURAKATA (SOLO) မြို့၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမား ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခုနှင့် ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခု ရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့် (၆) နေရာရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အားကစားသည် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်ရေးကို အဓိကရည်ရွယ်သော်လည်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေသဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း။

မြန်မာ မသန်စွမ်းအားကစားသမားများအနေဖြင့် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြသူများဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အောင်ပွဲရ မသန်စွမ်းအားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ မျိုးဆက်သစ် မသန်စွမ်းအားကစားသမားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ရလဒ်ကောင်းများ ရရှိခဲ့သည့်အတွက် အမျိုးသားကော်မတီဝင်အားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများနှင့် မသန်စွမ်းသူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် (ယာယီဗဟိုအလုပ်အမှုဆောင်အဖွဲ့) အတွင်းရေးမှူးတို့က မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဖြည့်စွက်ဆွေးနွေး ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၂/၂၀၂၂) ၏ လျာထားအစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

❖ **မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍကိုလည်း တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရမည်၊ (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမား ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု နှင့် ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင် နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့်(၆) နေရာရရှိခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်**

# မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၂)ဖွင့်

## ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များကို ပြည်သူလူထုထံရောက်ရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အလေးထားဆောင်ရွက်လျက်ရှိ




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မှတ်တမ်းဗီဒီယိုရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**
မှတ်တမ်းဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ သတင်းရေးသားခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ နည်းပြများ၊ ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံ၌ ပြည်သူအချို့သည် ဖေ့စ်ဘွတ်ပေါ်ရှိသတင်းများ အနက်မှ မည်သည်က သတင်းတုဖြစ်သည်၊ သတင်းမှားဖြစ်သည်ကို မဝေခွဲနိုင်တော့ဘဲ ဖြတ်သန်းနေရပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် သတင်းမှန်များကို ပြည်သူလူထုထံ ရောက်ရှိအောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများ သတင်းအမှန်သိရှိစေရန် ကြိုးစားဆောင်ရွက်ပေးနေပါကြောင်း။

သတင်းတစ်ပုဒ်၊ ဖြစ်စဉ်တစ်ခုကို ဖော်ပြရာတွင် တင်ဆက်သူ၏ အရည်အသွေးအပေါ် မူတည်၍ သတင်းတန်ဖိုး တက်သွားပါကြောင်း၊ သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ချက်များကို ဖော်ပြရာတွင် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် မည်သို့ အလေးထားဆောင်ရွက်နေသည်ကို ရိုက်ကူးရေးသားတင်ဆက်တတ်ရန် လိုအပ်ပါကြောင်း၊ သင်တန်းနည်းပြများက စေတနာ ထက်သန်စွာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အမှန်တကယ် ပညာရရှိအောင် လေ့လာသင်ယူကြစေလိုပါကြောင်းနှင့် သင်တန်းမှ ပို့ချပေးလိုက်သည့် မီဒီယာပညာရပ်များကို ပြန်လည်မျှဝေကြစေလိုပါကြောင်း ပြောကြားသည်။

ယခု သင်တန်းအမှတ်စဉ်(၂)ကို ယနေ့မှ နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကင်မရာ၏ လုပ်ဆောင်ချက် (Function) များ၊ ရိုက်ကူးနည်းအဆင့်ဆင့်၊ သတင်းရိုက်ကူးနည်း၊ မှတ်တမ်းဗီဒီယိုရိုက်ကူးနည်း၊ သတင်းများ တည်းဖြတ်ခြင်း၊ သတင်းရေးသားနည်း အခြေခံအချက်များ၊ အွန်လိုင်း သတင်းရေးသားခြင်း အခြေခံ နည်းစနစ်များ၊ အွန်လိုင်းသတင်းရေးသားသူတို့ ဆောင်ရန် ရှောင်ရန်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ အမှုထမ်း၊ အရာထမ်းများ ၄၆ ဦး တက်ရောက်ကြသည်။

ယင်းသင်တန်းအမှတ်စဉ်(၁)ကို စက်တင်ဘာလတွင် ပထမအကြိမ် ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MSME ထုတ်လုပ်မှုကဏ္ဍ ပြည်တွင်းရှိ ကုန်ကြမ်းများကိုအသုံးပြု၍ လုပ်ကိုင်နိုင်သည့် လုပ်ငန်းအမျိုးအစား ၁၂ ခုကို ဦးစားပေး မွေးမြူရေးကဏ္ဍတွင် အဓိကစားသုံးသော (ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို) တိုးမြှင့်မွေးမြူ



**တောင်ကြီး အောက်တိုဘာ ၂၅**
ဒေသဖွံ့ဖြိုးတိုးတက်စေရန် တစ်ဦးတစ်ယောက်၊ ဌာနအဖွဲ့အစည်းတစ်ခုတည်းနှင့် လုပ်ယူ၍မရဘဲ ဆက်စပ်ဌာန အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပခဲ့သည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေး၌ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်းအမျိုးအစား ၂၃ ခု ရှိသော်လည်း ပြည်တွင်းရှိ ကုန်ကြမ်းများကို အသုံးပြု၍ လုပ်ကိုင်နိုင်သည့် လုပ်ငန်းအမျိုးအစား ၁၂ ခုကို ဦးစားပေးအနေဖြင့် ထုတ်လုပ်ဆောင်ရွက်ရန်နှင့် မွေးမြူရေးကဏ္ဍတွင် အဓိကစားသုံးသော (ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို) တိုးမြှင့်မွေးမြူရန် မှာကြားခဲ့ပါကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြောကြားသည်။

ရှမ်းပြည်နယ်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ယခုအစည်းအဝေးတွင် အေဂျင်စီအဖွဲ့ဝင်ပါဌာနများအနေဖြင့် မိမိတို့ဌာနအလိုက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြစေလိုကြောင်း၊ တင်ပြချက်များမှ အားသာချက်များကို လက်တွေ့အကောင်အထည်ဖော်ပြီး အားနည်းချက်များရှိပါက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ ရှမ်းပြည်သည် မြေရေးယာ ကျယ်ဝန်းသည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် အောင်မြင်ဖြစ်ထွန်းသကဲ့သို့ မွေးမြူရေးဇုန်များ ထပ်မံ ဖော်ထုတ်ရေးကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ် MSME Agency အနေဖြင့် ဒေသတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ပြည်နယ်အဆင့်များဖြစ်သည့် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ပြည်နယ် စည်ပင်သာယာရေးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက MSME လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ၎င်း၏ ညီနောင် အသင်းအဖွဲ့များမှ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသည့် တောင်ကြီး၊ တာချီလိတ်၊ လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး အထွေထွေဆွေးနွေးရာ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာက ဆွေးနွေးတင်ပြ၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အသုံးပြုခွင့် ရရှိထားသူများအနေဖြင့် တည်ဆဲဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကျိုးရှိထိရောက်စွာ အသုံးချရန် လိုအပ်



**နေပြည်တော် အောက်တိုဘာ ၂၅**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အကျိုးရှိထိရောက်စွာ ဖော်ထုတ်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးနေမှုအပေါ် အသုံးပြုခွင့် ရရှိထားသူများအနေဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရန် ဥပဒေပြဋ္ဌာန်းထားရှိမှုအပေါ် တိကျစွာလိုက်နာဆောင်ရွက်ရေးနှင့် မြေခွန်များကို သတ်မှတ်ကာလအတွင်း အပြေအကျေ ကောက်ခံရရှိရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က စနစ်တကျကြပ်မတ်ရန် လိုကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် သတ္တမအကြိမ်အဖြစ် ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုကော်မတီဝင်များ စုံညီစွာတက်ရောက်ဆွေးနွေးကြသည်။

### ခွင့်ပြုချထားပေးလျက်ရှိ

စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသုံးပြုခွင့် လျှောက်ထားလာသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဌာနဆိုင်ရာများသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုချထားပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧရိယာဧက ၈၀၀၀ ကျော်၊ မွေးမြူရေးလုပ်ငန်းအတွက် ဧက ၁၀၀၀ ကျော်၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ၉၅၃ ဧကကျော်နှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းအတွက် ဧက ၈၀၀၀ ကျော်၊ စုစုပေါင်း ဧရိယာဧက ၁၈၀၀၀ ကျော်ကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းရပ် အသီးသီးအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုဧရိယာ ဧက ၁၈၀၀၀၀၀ ကျော်ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုထားရှိခဲ့ပြီးဖြစ်သကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စီမံခန့်ခွဲရေးကော်မတီများမှ ဧက ၂၂၀၀၀၀ ကျော် ခွင့်ပြုခဲ့ပြီးဖြစ်၍ တစ်နိုင်ငံလုံး၌ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧက ၄၁၀၀၀၀၀ ကျော် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ခွင့်ပြုဧရိယာများအပေါ် ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ရန် သတ်မှတ်အချိန်ကာလများ ရောက်ရှိနေပြီဖြစ်၍ အသုံးပြုခွင့်ရရှိထားသူများအနေဖြင့် ဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ထားရန် လိုအပ်သည်။

### ဖွဲ့စည်းပေးလျက်ရှိ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ အပိုဒ် (၅၂) အရ စတင်ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း ပထမနှစ်တွင် ၁၅ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် စတုတ္ထနှစ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းပြည့် လုပ်ငန်းပြီးစီးသည်ထိ ဖော်ထုတ် လုပ်ကိုင်ရန်ဖြစ်ပြီး ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလအတွင်း လုပ်ငန်းပြီးစီးသည်ထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဖြစ်သည်။ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရယူထားသော်လည်း သတ်မှတ်ချက်များနှင့်အညီ ပြီးစီးအောင် လုပ်ကိုင်ခြင်းမရှိသည့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည် သိမ်းဆည်းသွားမည့်အပြင် တင်သွင်းထားသော အာမခံကြေးငွေအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ စိစစ်အရေးယူခြင်းလုပ်ငန်း ဆောင်ရွက်ရန် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အထူးအဖွဲ့များ ဖွဲ့စည်းပေးလျက်ရှိကြောင်း သိရသည်။

### ဆွေးနွေး

ယနေ့ အစည်းအဝေးတွင် ပြည့်စုံမှုရှိသည့် လုပ်ငန်းစာတွဲများအနက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက် ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ်တင်ပြခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိမှုများအပေါ် စည်းကမ်းချက် သတ်မှတ်ကာလလေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်တွင် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှု စစ်ဆေးအထူးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းပေးရန် ကိစ္စရပ်များ၊ အထူးအဖွဲ့၏ စစ်ဆေးချက်ဖြင့် တင်ပြလာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရယူထားပြီး အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော မြေများအား ပြန်လည်သိမ်းဆည်းရန် ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများက မြန်မာ့စီးပွားရေးဘဏ်သို့ မြေခွန်ပေးသွင်းထားမှုများ၊ ရရန်ကျန်ရှိသော မြေခွန်များ အပြေအကျေရရှိရေး ကောက်ခံရေးကိစ္စရပ်များနှင့် မြေခွန်တော်ကြွေးကျန်ရှိသူများအား ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး



**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပိတ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ယနေ့ပြပွဲတွင် ရောင်းချသည့် ကျောက်စိမ်းအတွဲအမှတ် (၁၅၀၁) မှ အတွဲအမှတ် (၂၁၅၀) အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးရာ ကျောက်စိမ်းအတွဲပေါင်း ၅၁၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၂၉၆၀ အား အီတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၄၀၀ ကို အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၆၂ တွဲကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၂၀ ကို အောက်တိုဘာ ၂၂ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲပေါင်း ၅၅ တွဲကိုလည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၂၁၅၀ ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၁၈၃၆ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ပြပွဲတွင် ဝယ်ယူခွင့်ရရှိခဲ့သော ကျောက်အတွဲများအတွက် တန်ဖိုးငွေများကို အရောင်းအဝယ် စာချုပ်တွင် သတ်မှတ်ထားသည့် ရက်ပေါင်း ၆၀ အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာ ရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များ အဆင်ပြေခြင်း စသည့် အခွင့်အလမ်းများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များအား ဥပဒေနှင့်အညီ တစ်ပြေးညီဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရန် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀) ကို ၂၀၂၀ ပြည့်နှစ် မေ ၂၆ ရက်တွင် လည်းကောင်း၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် လည်းကောင်း၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ညွှန်ကြားချက်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်သည့် ဌာနဆိုင်ရာနှင့် ဆက်စပ်အဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် 1968 Vienna Convention on Road Traffic နှင့် Road Signs & Signals သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်၍ လက်ရှိထုတ်ပြန်ကျင့်သုံးလျက်ရှိသော လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် Vienna Convention ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ မော်တော်ယာဉ်များမောင်းနှင်အသုံးပြုနေသည့် လမ်းများကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် စီမံခန့်ခွဲဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီများအနေဖြင့် ၎င်းညွှန်ကြားချက်နှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး ရေးဆွဲစိုက်ထူကြရန်ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council–NRSC) အနေဖြင့် National Road Safety Action Plan (2021–2030) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်း Action Plan တွင်လည်း လမ်းညွှန်း၊ လမ်းအမှတ်အသား၊ အချက်ပြနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ် (၂) ရပ် ပါဝင်ပြီး လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီများအနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်စေရေး ညွှန်ကြားကြပ်မတ်လျက်ရှိပါကြောင်း။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ချက်များ၊ အထူးသဖြင့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအား ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး သက်ဆိုင်ရာ တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီများက လေးစားလိုက်နာကြရန်နှင့် ကွဲလွဲမှုများရှိနေပါက ညွှန်ကြားချက်နှင့်အညီ အမြန်ဆုံးစိစစ်ပြုပြင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အချို့ဒေသများတွင် လမ်းညွှန်း လမ်းအမှတ်အသားဆိုင်ရာ ကွဲလွဲအသုံးပြုမှုများ စိစစ်တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူကူးမျဉ်းကျားနှင့် လမ်းပိုင်းများတွင် အသုံးပြုနေသော ဆေးရောင်များသည် သတ်မှတ်ညွှန်ကြားချက်နှင့်အညီ တစ်ပြေးညီဖြစ်ရန် လိုကြောင်း၊ လမ်းဘေး ပလက်ဖောင်းများသည်လည်း လူသွားရန်လုံလောက်သည့် သတ်မှတ်အကျယ်အဝန်းရှိရန် ဆောင်ရွက်သင့်ကြောင်း၊ ယခုလမ်းညွှန်း လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ဖြစ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းဆွေးနွေး အဖြေရှာကာ လိုအပ်မည်ဆိုပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်း လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး၊ အမြန်လမ်း ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများကဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုပညာရပ်များကို အသုံးချပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများနှင့် ဒေသအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးစေလို

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်နယ်အတွင်း လူငယ်သင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသူများသည် အသိပညာ၊ အတတ်ပညာများ ပြည့်ဝသူများဖြစ်အောင် အစဉ်ကြိုးစား၍ အိမ်တွင်းမှုပညာရပ်များကို အသုံးချကာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများနှင့် ဒေသအကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြောကြားသည်။

မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၅) နှင့် မွန်ရိုးရာ လက်ရက်ကန်း သင်တန်းအမှတ်စဉ် (၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ထိုသို့ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသူများအတွက် အိမ်တွင်းမှုသက်မွေးပညာရပ်များကို တတ်မြောက်သည်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ပံ့ပိုးပေးလျက်ရှိကြောင်း၊ အပ်ချုပ်စက်များ အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်း၍ အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်များ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်း ကျောင်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းဖွင့်လှစ် သင်ကြားမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး၌ ပြုလုပ်သည့် ကြက်ခြေနီအသင်း Emergency Medical Responder – Ambulance Training ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကြက်ခြေနီ မောင်၊ မယ်များအနေဖြင့် သင်တန်းမှ ပို့ချသည့် ဘာသာရပ်များကို လေ့လာမှတ်သားပြီး ပြန်လည်အသုံးချခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကို အကောင်းဆုံး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လူမှုကရုဏာလုပ်ငန်းများကို ကျရာနေရာမှ စွမ်းစွမ်းတမံ ဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားပြီး ကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှု ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲအသီးသီးမှ အရေးပေါ်လူနာတင်ယာဉ် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သံတွဲမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/ ၂၀၂၂) ဖွင့်လှစ်

**သံတွဲ အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက သံတွဲခရိုင် မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး (တာဝန်) ဦးစီးအရာရှိ ဦးနေလင်းကျော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တက္ကသိုလ် ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၂၅**

တက္ကသိုလ်ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံး နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်တိုဘာ ၂၇ ရက်မှစ၍ စနေ၊ တနင်္ဂနွေ အပါအဝင် နိုဝင်ဘာ ၁၈ ရက်အထိ ကျောင်းအပ်လက်ခံကြရမည်ဖြစ်ပါကြောင်း၊ ပထမနှစ်သင်တန်းကို နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် မတ် ၉ ရက်တွင် တက္ကသိုလ်နှစ်ဝက်စာမေးပွဲများ ကျင်းပမည်ဖြစ်၍ စာသင်ချိန်အပြည့် သင်ကြားပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများအနေဖြင့် သင်ကြားရေးကိစ္စရပ်များကို ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း၊ ဘာသာရပ်အလိုက် အတန်းခွဲဝေရာတွင် ခွဲခြားမှု၊ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ က ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်တစ်ခုတည်း ဘာသာရပ်ဌာနတစ်ခုတည်းတွင် အတူလက်တွဲလုပ်ကိုင်နေသူအချင်းချင်းဖြစ်သဖြင့် အုပ်စုမဖွဲ့သင့်ကြောင်း၊ ခွဲခြားမဆက်ဆံသင့်ပါကြောင်း၊ အောက်တိုဘာ ၇ ရက်တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ဝန်ထမ်းများ အထက်အောက် ခင်မင်ရင်းနှီးစွာဖြင့် နေထိုင်ပြီး မိသားစုဆက်ဆံရေးပုံစံဖြင့် နေထိုင်ကြရန်လိုကြောင်း၊ လက်အောက်ကို စေတနာထားပြီး နွေးထွေးသည့် ဆက်ဆံရေးကို တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက အပြန်အလှန်နားလည်မှုများ ရရှိပြီး လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်းဖြင့် လမ်းညွှန်မှုပြုခဲ့ခြင်းကို လိုက်နာဆောင်ရွက်ကြရန် ထပ်ဆင့်မှာကြားလိုပါကြောင်း။

ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခများအနေဖြင့် မိမိတို့တက္ကသိုလ် ပတ်ဝန်းကျင်၊ ဌာနဝန်းကျင်၊ စာသင်ဆောင်ဝန်းကျင်နှင့် စာသင်ခန်းတွင်း သန့်ရှင်းသာယာရေး၊ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် လုံခြုံရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ အချိန်မှန် အတန်းဝင်ရောက်သင်ကြားရေးကို နေ့စဉ်ကြီးကြပ်ကြရမည် ဖြစ်ပါကြောင်း၊ ရုံးစာများကို လူမှုကွန်ရက် ပေါ်တင်လျှင် ပြင်းထန်စွာအရေးယူခံရမည်ကို ဝန်ထမ်းများအားလုံး သိရှိနားလည်လိုက်နာစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်နှင့်ဆက်စပ်သည့် ဒေသအကျိုးပြု သုတေသနများ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့မှသာ ပညာရေးဖြင့် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ မိမိတက္ကသိုလ်၊ မိမိဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်ဥပဓိရုပ်နှင့် သန့်ရှင်းသာယာရေးကို စိစစ်မည့် အစီအစဉ်၊ နိုင်ငံခြားပြန် ပညာတော်သင်များထံမှ ပညာရေးမြှင့်တင်မှု အကြံပြုချက်များ ရယူမည့် အစီအစဉ်နှင့် ဆရာ ဆရာမ မွမ်းမံသင်တန်းများ စဉ်ဆက်မပြတ် ပို့ချမည့်အစီအစဉ်တို့ကို ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းထွန်း၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ် ၇၅ ကျောင်းမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စီမံ/ ဘဏ္ဍာဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန့်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ကျောင်းသားကျောင်းသူများကို စည်းကမ်းကောင်းမွန်ပြီး အချင်းချင်းလေးစား တန်ဖိုးထားသည့် အလေ့အကျင့်ကောင်းများ လေ့ကျင့်ပျိုးထောင်ပေးရမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် ယနေ့ နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ပညာရေးလုပ်ငန်းများ အောင်မြင်စေရေး ဆောင်ရွက်ရာတွင် လက်တွေ့အကောင်အထည်ဖော်ရသူများသည် ဆရာဆရာမများပင်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို အလွတ်ကျက် ဖြေကြားသည့်စနစ်မှ အမျိုးမျိုး စဉ်းစားတွေးခေါ်နိုင်သည့်သူများ ဖြစ်လာစေရန် သင်ကြားပေးရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကိုသင်ကြားရာတွင် စည်းကမ်းကောင်းမွန်ပြီး အချင်းချင်း လေးစားတန်ဖိုးထားသည့် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ ခရိုင် ၅၀ တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပေါင်းစည်း အထက်တန်းကျောင်း ၅၀ ကို ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ထိုကျောင်းများသို့ KG +9 အောင်မြင်ပြီးသည့် ကျောင်းသားကျောင်းသူများ တက်ရောက်လိုပါက လွယ်ကူစွာတက်ရောက်၍ ပညာသင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံပညာတွင် အတန်းကူးပြောင်းနှုန်းနှင့် အောင်ချက်မြင့်မားရေးကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မက်(စ်)မြန်မာဟိုင်းဝေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အမှတ် (၃) လမ်းမကြီးမှတစ်ဆင့် အမှတ် (၇) လမ်းမကြီးအတိုင်း လမ်းတစ်လျှောက်ကို လည်းကောင်း၊ အမှတ် (၂) လမ်းမကြီး မိုင်တိုင် (၁၆ / ၄) အနီးတွင် မက်(စ်)မြန်မာဟိုင်းဝေးကုမ္ပဏီမှ ၄၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ရုံးခန်းမဆောင်၌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူးများ နှင့် ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့်အတူ ပိုမိုရင်းနှီးမှုရှိစေရန် နေ့လယ်စာအတူ စားသုံးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးအနောက်မြို့ရှောင်လမ်း မိုင် (၅/၇)၊ မိုင် (၃၂/၆) မှ (၃၂/၇) ရှိ လသာကုန်း underpass သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်မည့် လမ်းအူကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းအူကြောင်း သတ်မှတ်ရာတွင် တောင်ကုန်း အတက်၊ အဆင်းနှင့် အကွေ့အဝိုက်နေရာများကို ပြန်လည်စိစစ်တိုင်းတာ သတ်မှတ်ရန်၊ မြေယာလျော်ကြေး ပေးလျော်မှုနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် (၃၉) မှတစ်ဆင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်–ရန်ကုန်) လမ်းပိုင်းကို လမ်းတစ်လျှောက်ကြည့်ရှုပြီး မိုင် (၂၀၄/ ၀) မှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နွယ်နီထွန်းက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လမ်းညွှန်ချက်များ ဖတ်ကြားရှင်းလင်း

**ပဲခူး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအစည်းအဝေး အမှတ်စဉ် (၉/၂၀၂၂) ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လမ်းညွှန်ချက်များကို ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းဆောင်ရွက်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် ဆိုလာစနစ်ဖြင့် ရေပေးဝေနိုင်ရေး ကြိုတင်စီစဉ်ထားကြရမည်ဖြစ်ကြောင်း၊ သဘာဝမြေဩဇာအဖြစ် သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသထွက်ပစ္စည်းများဖြင့် တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ မွေးမြူရေးနှင့်ပတ်သက်၍ အသားထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် နို့နှင့် နို့ထွက်ပစ္စည်း တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး နို့စားနွားမွေးမြူရေး ဇုန်များအား Pilot Project စတင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နို့စားနွား မွေးမြူသူများအတွက် တိရစ္ဆာန် အစာအဆင်ပြေစေရန် နေပီယာမြက်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးမြေများ စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသအလိုက် မြေနှင့်ရေကို အကျိုးရှိရှိ အသုံးချရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အကြံပြုတင်ပြကြပြီး တိုင်းဒေသကြီးအဆင့်



ဌာနဆိုင်ရာများက အေးချမ်းတည်ငြိမ်စွာ ရုံးလုပ်ငန်း ပုံမှန်ဆောင်ရွက်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လပတ်တွင် စက်မှုကဏ္ဍ လေးခု၊ ဝန်ဆောင်မှုကဏ္ဍ တစ်ခု၊ စုစုပေါင်း ငါးခု ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၅၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့

**မုံရွာ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၉/၂၀၂၂) ကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




**ဖန်တီးပေးနိုင်ခဲ့**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၏ ပထမ ခြောက်လပတ်တွင် စက်မှုကဏ္ဍ လေးခု၊ ဝန်ဆောင်မှုကဏ္ဍ တစ်ခု၊ စုစုပေါင်း ငါးခု ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၅၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ ယခုဒုတိယ ခြောက်လပတ်ကာလတွင်လည်း ရင်းနှီးမြှုပ်နှံ ဝင်ရောက်လာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးသည် မြေဆီမြေလွှာ ကောင်းမွန်ပြီး စိုက်ပျိုးရေးအတွက် သင့်တော်သောကြောင့် ဆန်နှင့်ပတ်သက်၍ ထုတ်လုပ်မှု ကောင်းအောင်လုပ်ရန် လိုအပ်သကဲ့သို့ တိုင်းပြည်အတွက် Food Security အားကောင်းရန် လိုအပ်သောကြောင့် စိုက်ပျိုးရေးအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးလျက်ရှိပါကြောင်း။

တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းများကို တည်ဆောက်ကာလများ သက်တမ်းတိုး ခွင့်ပြုပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုဇုန်များတွင်လည်း စက်မှုလုပ်ငန်းရှင်များအား ဦးစားပေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ Mandalay Beverages Enterprise Co.,Ltd မှ သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စ၊ Ma Du Co.,Ltd မှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်း လျှောက်ထားသော ဧရိယာနှင့်ပတ်သက်၍ တင်ပြလာခြင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် Min Khant Soe Co.,Ltd မှ တည်ဆောက်ရေးကာလ ပထမအကြိမ်တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်း၊ Naing Soe Bo Co.,Ltd မှ တည်ဆောက်ရေးကာလ ဒုတိယအကြိမ် တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စက်တင်ဘာလအတွင်း ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကုမ္ပဏီလီမိတက်များမှ တာဝန်ရှိသူများကလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ဘီးလင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဘီးလင်း အောက်တိုဘာ ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် (၁-၁၀-၂၀၂၁) မှ (၃၁-၃-၂၀၂၂) အထိ ကြားကာလဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့တွင် ဘီးလင်းမြို့ ကန်သာယာရပ်ကွက်ရှိ အသင်းစုပိုင်ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့ဝင်များနှင့် အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ကြိုင်က ဆောင်ရွက်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးသဘောတူညီချက်ရယူကာ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဝေါမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးမည့် တောင်သူများအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ဝေါ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးမည့် တောင်သူများအား ချေးငွေထုတ်ချေးရန် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ လေးအိမ်စုကျေးရွာနှင့် ငွေ့ကြီးကျေးရွာတို့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟထွန်းက အမှာစကားပြောကြားပြီး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မိုးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာစိုက်ပျိုးနည်းစနစ်များကို ပညာပေးဟောပြောပေးသည်။ ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လေးအိမ်စုကျေးရွာအတွက် ငွေကျပ် သိန်း ၂၀၀ နှင့် ငွေ့ကြီးကျေးရွာအတွက် ငွေကျပ် သိန်း ၁၀၀ တို့အား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံသို့ လွှဲပြောင်းပေးအပ်သည်။ ဝေါမြို့နယ်အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးမည့် တောင်သူများကို ချေးငွေထုတ်ချေးရာတွင် ကျေးရွာ အုပ်စု ရှစ်အုပ်စုရှိ တောင်သူများအား ရန်ပုံငွေကျပ် သိန်း ၉၀၀ ကို ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သုံးထပ်တိုးချဲ့လူနာဆောင်သစ်ဖွင့်လှစ်

ဘားအံ အောက်တိုဘာ ၂၅

**၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၆၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ) သုံးထပ်တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဘားအံမြို့ အမှတ် (၁) ရပ်ကွက် ကျော်ဇေယျာလမ်းရှိ အဆိုပါ ဆေးရုံကြီး တိုးချဲ့ဆောင်သစ်ရှေ့၌ ကျင်းပသည်။** (ယာပုံ)



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သုံးထပ် တိုးချဲ့ လူနာဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါ အဆောက်အဦ ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများနှင့်အတူ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

## ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် သုံးထပ် တိုးချဲ့လူနာဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အဆိုပါ သုံးထပ်တိုးချဲ့ လူနာဆောင်သစ်တွင် တက်ရောက် ဆေးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းအားပေးစကားပြောကြား၍ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်ကြသည်။

## ၇၂ ခုတင်ဆံ့

ပြည်နယ်ပြည်သူ့ ဆေးရုံကြီး (ဘားအံ) တိုးချဲ့လူနာဆောင်သစ်ကို ခွင့်ပြုရန်ပုံငွေကျပ် ၈၁၁ ဒသမ ၁၂ သန်းဖြင့် အလျားပေ ၁၂၀၊ အနံ ၅၆ ပေရှိ RC သုံးထပ် အဆောက်အဦ အမျိုးအစားကို အဆောက်အဦအထူးအဖွဲ့ ၁၃ မှ တာဝန်ယူ တည်ဆောက်ခဲ့ပြီး ၇၂ ခုတင်ဆံ့၍ တာဝန်ခံဆရာဝန်ခန်း သုံးခန်း၊ သူနာပြုခန်း သုံးခန်း၊ အသေးစား ဆေးကုခန်း ခြောက်ခန်း၊ မသန်စွမ်းလူနာသန့်စင်ခန်း ခြောက်ခန်း၊ အများသုံးသန့်စင်ခန်း ၂၁ ခန်း၊ အများသုံးရေချိုးခန်း ခြောက်ခန်းနှင့် ဓာတ်လှေကား တစ်စင်းတို့ ပါဝင်ကြောင်း သိရသည်။

## ပိုမိုကုသနိုင်တော့မည်

ဖွင့်ပွဲအခမ်းအနားကို သုံးထပ်တိုးချဲ့ လူနာဆောင်သစ် အပေါ်ဆုံးထပ်တွင် ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်က ယခုကဲ့သို့ သုံးထပ်တိုးချဲ့လူနာဆောင်သစ်ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များကို ယခင်ကထက်ပိုမိုပြီး ဝန်ဆောင်မှုပေး ကုသနိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်မှု ပြည့်ဝမှသာ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင် လိုအပ်သော ကူညီပံ့ပိုးမှုများကို မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့ (၁၃) လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်သူက တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆောက်အဦနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဘရန်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာကျော်စွာမြင့်က ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကို ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲတက်ရောက်

ဆီဆိုင် အောက်တိုဘာ ၂၅

**၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း လွိုင်ကော်ကျောင်းခွဲ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၂၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာ အတွင်းရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။**



အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ယခုသင်တန်းတွင် သင်တန်းသားများအား ဒေသအတွင်းရှိ လုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ ဝင်ငွေရရှိစေရန်နှင့် သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ထပ်မံလေ့ကျင့်သင်ကြား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသူများ အခက်အခဲမရှိကိုယ်တိုင်သင်ကြားနိုင်စေရန် ကျောင်းအိပ်၊ ကျောင်းစားစရိတ်ငြိမ်းဖြင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း အစုံအလင် ထောက်ပံ့ပေးပြီး စာတွေ့လက်တွေ့သင်ကြားပေးမည့်အပြင် နယ်ဝေးသင်တန်းသူများကိုလည်း အသွား/အပြန် ခရီးစရိတ်များ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် သင်တန်းဆင်းသည့်အခါတွင်လည်း သင်တန်းတွင် ထူးချွန်သည့်သင်တန်းသူကို အပ်ချုပ်စက်တစ်စုံ ဆုချီးမြှင့် ထောက်ပံ့လျက်ရှိကြောင်း၊ သင်တန်းတွင် အချုပ်အလုပ်သင်တန်းအပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းရမည့် အပိုင်းများ၊ အချင်းချင်းစည်းလုံးညီညွတ်မှုရရှိစေရန်၊ ပြည်ထောင်စု စိတ်ဓာတ်ဘာသာရပ်များ၊ အတွေ့အကြုံ ဗဟုသုတရရှိစေရန်၊ မိမိကိုယ်ကိုယ် ကြိုတင်ကာကွယ် စောင့်ရှောက်နိုင်ရန် အတွက် လူကုန်ကူးမှုတားဆီးရေးနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ၊ ကြက်ခြေနီရှေးဦးပြုစုနည်း အခြေခံသင်တန်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောမှုများကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်ဝေဝေခိုင်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုခဲ့ကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၂၂) သင်တန်းအား (၂၅-၁၀-၂၀၂၂) ရက်နေ့မှ (၂၄-၃-၂၀၂၃) ရက်နေ့အထိ ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**



# စဉ့်ကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ပေး

**စဉ့်ကူး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းဝင် ကျေးရွာ လေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနိုင်အောင်စိုး က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချနိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က ခမ်းပါးကျေးရွာ၊ စားကျက်ကလေးကျေးရွာ၊ ရေပြာအိုင်ကျေးရွာ၊ ကျောက်နွား ကျေးရွာ၊ စုစုပေါင်းကျေးရွာ လေးရွာတို့မှ မြစိမ်းရောင်စီမံကိန်း အသင်းသူ/အသင်းသား စုစုပေါင်း ၆၀၈ ဦးအတွက် စီမံကိန်း ရန်ပုံငွေကျပ် ၁၇၈ ဒသမ ၄၅ သန်းအား မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များမှတစ်ဆင့် အသင်းသူ/အသင်းသားများထံသို့ နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တင်ဇာလွင်(ပြန်/ဆက်)**

# အဆိပ်မှိုင်းနှင့် အဆိပ်သင့်ဆဲ၊ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်ဆဲ

မိုးမြင့်

အကြမ်းဖက်ဆိုတာက အကြမ်းဖက်ပါပဲ။ သူ့ ဇ နဲ့ သူပါ။ မပြောင်းလဲပါဘူး။ သတ်မယ်၊ ဖြတ်မယ်၊ ဖျက်ဆီးမယ်ပေါ့။ အကြမ်းဖက်သမားတွေရဲ့ မပြောင်းလဲတဲ့ မူဝါဒကိုယ်တိုင်က တတ်နိုင်သမျှ များများ သတ်ဖို့ပါပဲ၊ များများ ပျက်စီးသွားစေဖို့ပါပဲ။ ယခုရက်ပိုင်းအတွင်း ပြည်တွင်းမှာ လူတွေအစုလိုက်၊ အပြုံလိုက် သေကျေဒဏ်ရာရဖို့ ရည်ရွယ်ပြီး အကြမ်းဖက်သတ်ဖြတ်ဖုံးခွဲ ချောင်းမြောင်းပစ်ခတ်မှုတွေ၊ မြို့ရွာတွေကို ဝင်ရောက်စီးနင်း ပစ်ခတ်တိုက်ခိုက်တာတွေ ခပ်စိတ်စိတ်တွေ့လာနေရပါတယ်။ ပြည်သူတွေအဓိက ထိခိုက်နိုင်တဲ့ နေရာတွေကိုမှ ရွေးချယ်ပစ်မှတ်ထားပြီး လုပ်ကြံဖောက်ခွဲမှုတွေလည်း များလာတာ တွေ့နေရပါတယ်။

## ပစ်မှတ်ဖြစ်လာနေတဲ့ ပြည်သူတွေ

အကြမ်းဖက်တွေရဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးကိုယ်တိုင်က လာတော့မယ့် ရွေးကောက်ပွဲကို မပျက်ပျက်အောင် ဖျက်ဆီးပစ်မယ်လို့ ကြုံးဝါးပြီးသားပါ။ ဒါကြောင့် ယခုလို အကြမ်းဖက်ဖောက်ခွဲပစ်ခတ်မှုတွေဟာ ရွေးကောက်ပွဲအကြို လူစုလူဝေးတွေ ဖြစ်မလာအောင်နဲ့ ရွေးကောက်ပွဲကြီး ဖြစ်မလာစေဖို့ ကြိုတင်ထိန်းချုပ်ဟန့်တား ခြောက်လှန့်တဲ့ သဘောဆောင်ပါတယ်။

**နီနီ၊ စိမ်းစိမ်း သူ့ဘက်ကိုယ့်ဘက်မရွေး၊ မခွဲခြား ပြည်သူမှန်သမျှ အကုန်သတ်၊ ပြည်သူပိုင် ၊ နိုင်ငံပိုင် ဥစ္စာပစ္စည်းမှန်သမျှ အကုန်ဖျက်ဆီးပစ်ကြမယ့် သဘောပါပဲ။** အကြောက်တရား သက်သက်နဲ့ ရွေးကောက်ပွဲကြီး မဖြစ်ပေါ်ဖို့က အကြမ်းဖက်သမားတွေအတွက် သေရေးရှင်ရေးတမျှ အခုအချိန်မှာ အရေးကြီးနေပါပြီ။ ဘာကြောင့်လဲဆိုရင် ရွေးကောက်ပွဲပြီးလို့ ပြည်သူလိုလားတဲ့ အစိုးရ တစ်ရပ်ပေါ်ထွန်းလာတာနဲ့ အခုအကြမ်းဖက်နေတဲ့ လူသတ်သမားတွေ၊ အကြမ်းဖက်ခေါင်းဆောင်တွေ အားလုံး မြောင်းထဲရောက် ဘဝဆုံးမှာ သေချာနေလို့ပါပဲ။ ဒါကြောင့် ဒီအချိန်မှာ စစ်ဘက်၊ အရပ်ဘက် လုံခြုံရေး ပစ်မှတ်တွေထက် အပြစ်မဲ့ပြည်သူတွေ အတွက် ပိုပြီးအကြမ်းဖက်ဒဏ်သင့်ဖို့ ရန်ပိုပို များလာနေပါတယ်။ ပြည်သူတွေ ထိတ်လန့်ကြောက်ရွံ့ပြီး လူစုလူဝေးထဲ မလာရဲအောင် ကြိုတင်စီမံတဲ့ အစီအစဉ်တွေထဲက တစ်စိတ်တစ်ပိုင်းအဖြစ် တွေ့မြင်ကြရပါလိမ့်မယ်။

❖ နီနီ၊ စိမ်းစိမ်း သူ့ဘက်ကိုယ့်ဘက်မရွေး၊ မခွဲခြား ပြည်သူမှန်သမျှ အကုန်သတ်၊ ပြည်သူပိုင်၊ နိုင်ငံပိုင် ဥစ္စာပစ္စည်းမှန်သမျှ အကုန်ဖျက်ဆီးပစ်ကြမယ့် သဘောပါပဲ။ အကြောက်တရားသက်သက်နဲ့ ရွေးကောက်ပွဲကြီး မဖြစ်ပေါ်ဖို့က အကြမ်းဖက်သမားတွေအတွက် သေရေးရှင်ရေးတမျှ အခုအချိန်မှာ အရေးကြီးနေပါပြီ။ ဘာကြောင့်လဲဆိုရင် ရွေးကောက်ပွဲပြီးလို့ ပြည်သူလိုလားတဲ့ အစိုးရ တစ်ရပ်ပေါ်ထွန်းလာတာနဲ့ အခုအကြမ်းဖက်နေတဲ့ လူသတ်သမားတွေ၊ အကြမ်းဖက်ခေါင်းဆောင်တွေအားလုံး မြောင်းထဲရောက် ဘဝဆုံးမှာ သေချာနေလို့ပါပဲ။ ဒါကြောင့် ဒီအချိန်မှာ စစ်ဘက်၊ အရပ်ဘက် လုံခြုံရေးပစ်မှတ်တွေထက် အပြစ်မဲ့ ပြည်သူတွေအတွက် ပိုပြီးအကြမ်းဖက်ဒဏ်သင့်ဖို့ ရန်ပိုပို များလာနေပါတယ်။ ပြည်သူတွေ ထိတ်လန့်ကြောက်ရွံ့ပြီး လူစုလူဝေးထဲ မလာရဲအောင် ကြိုတင်စီမံတဲ့ အစီအစဉ်တွေထဲက တစ်စိတ်တစ်ပိုင်းအဖြစ် တွေ့မြင်ကြရပါလိမ့်မယ်

## ကမ္ဘာမှာ စက်ဆုပ်ဖွယ်ရာအကောင်းဆုံးသော တော်လှန်ရေး

ဘာသာရေးသာသနိက အဆောက်အအုံတွေ၊ ကျောင်းတွေကို မီးရှို့ဖျက်ဆီးရုံတင်မက အများပိုင် လမ်းတွေမှာ ဂိတ်ဖွင့်၊ ဆက်ကြေးကောက်၊ ခားပြတိုက်၊ ပြည်သူတွေ အသွားအလာများတဲ့ နေရာတွေမှာ ဗုံးထောင်၊ မိဘပါမချန် စိတ်ထင်ရာ ဒလန်စွပ်စွဲပြီး သတ်ကြဖြတ်ကြနဲ့ သူတို့တော်လှန်ရေးက ဘာတော်လှန်ရေးပါလိမ့်...။ ကမ္ဘာပေါ်မှာ အော့နှလုံးနာစရာအကောင်းဆုံး တော်လှန်ရေးတစ်ခုအဖြစ်ပဲ အမှတ်ထင် ကျန်ရစ်ပါလိမ့်မယ်။

ပြောတော့ အာဏာရှင်ကို တော်လှန်တာဆိုပဲ၊ စစ်အစိုးရကို ဆန့်ကျင်တာတဲ့၊ ပြည်သူ့အစိုးရ ပေါ်ထွက်လာဖို့၊ ဒီမိုကရေစီကို မြတ်နိုးလို့ စတာတွေနဲ့ တော်လှန်ရေး လုပ်လာလိုက်ကြတာ မြင်လို့ကြားလို့မှ မကောင်း၊ ဘုန်းကြီးသံဃာလည်း ရွေးပြီးသတ်၊ ကျေးဇူးရှင် ကျောင်းဆရာ ဆရာမလည်းသတ်၊ ကလေးသူငယ် လူမမည်မချန် ကျောင်းသားလည်း သတ်၊ ဆင်းရဲချမ်းသာမရွေး ကွမ်းယာသည်မကျန် အကုန်သတ်ဖြတ်နေလေတော့ သူတို့တွေက အာဏာရှင်လား။

အာဏာရှင်နဲ့ဘာမှမဆိုင် သတ်နေဖြတ်နေကြလေတော့ မမှန်ကန်တဲ့ မူလရည်ရွယ်ချက်နဲ့အတူ အခုအချိန်မှာတော့ အလွဲကြီးလွဲနေတဲ့ အနေအထား တစ်ရပ်ဆီသာ ရေးရှုလာနေပါပြီ။ နေရာမရွေး၊ အချိန်မရွေး ဘုရားကျောင်းကန် စေတီပုထိုးတွေကိုလည်း ရက်စက်ယုတ်မာစွာ ပစ်ခတ်ဖျက်ဆီးကြတယ်။ မိုင်းဆွဲတိုက်ခိုက်ကြတယ်။ ဗုဒ္ဓဘာသာဝင်တို့ အမွန်အမြတ် တန်ဖိုးထားတဲ့ ဘာသာရေးပွဲတော်ကာလ အကြမ်းဖက်တွေပစ်ခတ်လို့ ဘုရားဖူး ဗုဒ္ဓဘာသာဝင်တွေ အသက်ဆုံးရှုံးကြရတယ်။ (လတ်တလော ကျိုက်ထီးရိုးဘုရားဖူးများ အကြမ်းဖက်ပစ်ခတ်ခံရမှုဖြစ်စဉ် ) ယနေ့အချိန်အခါမှာတော့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာတန်ဖိုးတွေကို ဖျက်ဆီးနေသူတွေရဲ့ အကြမ်းဖက်တော်လှန်ရေးကြီးကို ပြည်သူအားလုံးနီးပါးက စိတ်ပျက်ငြီးငွေ့ရွံ့မုန်းလာကြ၊ ရှုတ်ချလာကြပြီလည်း ဖြစ်ပါတယ်။

## မြို့ရွာပျက်စီးရေး အကြံဆိုးများနဲ့အတူ

အကြမ်းဖက်တွေကြောင့် မူလပုံမှန်ငြိမ်သက်တည်ငြိမ်နေတဲ့ဒေသတွေမှာ မအေးချမ်းနိုင်ဘဲ မတည်မငြိမ် ဖြစ်လာနေပါတယ်။ မဟာဗျူဟာလမ်းမကြီးတွေ မြို့တွေအထိ အကြမ်းဖက် အန္တရာယ်က ခြိမ်းခြောက်လာနေပါတယ်။ အကြမ်းဖက်စစ်ရှိန်မြှင့်တဲ့ သဘောနဲ့အတူ နိုင်ငံရေး စစ်ရေးနဲ့ဘာမှမသက်ဆိုင်တဲ့ ဘာသာရေးပစ်မှတ်တွေ၊ ပြည်သူတွေ သွားလာလှုပ်ရှားနေထိုင်တဲ့နေရာတွေမှာ ပြည်သူကိုသာ အဓိကရွေးချယ် ပစ်မှတ်ထားပြီး ပစ်ခတ်တိုက်ခိုက်လာခြင်းဟာ အဓိကက ပြည်သူတွေကို အကြောက်တရားနဲ့ ကျီးလန့်စာစား ဖြစ်အောင် ရည်ရွယ်ခြင်းပါပဲ။

လတ်တလောဖြစ်ခဲ့တဲ့ ကော့ကရိတ်ဖြစ်စဉ်ကိုပဲ ကြည့်ပါ။ KNU / KNLA ၊ KKO ခွဲထွက်နဲ့ PDF အကြမ်းဖက်တွေဟာ မြို့ပတ်ပတ်လည်က တပ်စခန်းတွေကို အဓိက ဦးတည်တိုက်ခိုက်တာ မဟုတ်ဘဲ အရပ်သားပြည်သူတွေရှိတဲ့ မြို့ထဲနဲ့ ရွာတွေကိုစီးနင်း၊ လူနေအိမ်ခြေ၊ ဘာသာရေး အဆောက်အအုံတွေမှာ အခြေပြု၊ ပြည်သူကို ခားစာခံ လူသားဒိုင်းကာပြီး တိုက်ကွက်ဖော်၊ အရပ်သားတွေသေကျေထိခိုက်ရင် စစ်ရာဇဝတ် မြောက်တယ် အော်ကြဦးမယ်၊ တပ်မတော်က ပြန်တိုက်ခိုက်လို့ ဆုတ်ခွာထွက်ပြေးရင် ဆုတ်လမ်းတစ်လျှောက်ကရွာတွေကို မီးရှို့မယ်၊ လမ်းတံတားတွေ မိုင်းခွဲဖျက်ဆီးခဲ့မယ်၊ ပြီးရင် နိုင်ငံတကာဆီက အလှူငွေချူမယ်၊ ဒါက သူတို့အကြမ်းဖက်တွေရဲ့ လုပ်နေကျ အလေ့အထတွေပါပဲ။

ကရင်လူမျိုးတွေအများဆုံးရှိတဲ့ မြို့ရွာတွေကို ကရင်အကြမ်းဖက်က တိုက်ခိုက်တော့ ရလဒ်က ဘာဖြစ်မလဲ၊ ပြည်သူတွေ ထိခိုက်သေဆုံးရတယ်၊ အရပ်သားတွေရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တာဝန်ယူပေးနေရတဲ့ ဝန်ထမ်းတွေပဲ သေကျေဒဏ်ရာရကြတယ်။ နေရပ်စွန့်ခွာ ထွက်ပြေးရတဲ့ ကရင်ဒုက္ခသည်အရေအတွက် တိုးလာတယ်၊ ယာယီစစ်ဘေးရှောင်အရေအတွက် များသထက် များလာခြင်းဟာ ရွေးကောက်ပွဲမှာ မဲပေးနိုင်တဲ့ အရေအတွက်အထိ သက်ရောက်နိုင်မယ့် အခြေအနေကို အကြမ်းဖက်သူပုန်တွေ မှန်းဆထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကရင်ပြည်နယ်မှာ KNU က ဆောက်လုပ်၊ ဖောက်လုပ်ထားတဲ့ အဆောက်အအုံ၊ လမ်းတံတားမြင့်ဖူးချင်လို့ တစ်ခုတလေမှ မရှိပေမယ့် ကရင်ပြည်နယ်နဲ့ ကရင်လူမျိုးတွေအတွက် နိုင်ငံတော်အစိုးရ အဆက်ဆက်က ဆောက်လုပ်ပေးထားတဲ့ အခြေခံအဆောက်အဦ မှန်သရွေ့တော့ နေ့စဉ်ဖျက်ဆီးနေကြတာပါပဲ။

## ဆင်ခြင်သုံးသပ်မှု လုံးဝမရှိတဲ့ အကြမ်းဖက်

အဓိက ရည်မှန်းချက်က ကိုယ့်ဒေသ ကိုယ့်နယ်မြေနဲ့ နိုင်ငံမတည်မငြိမ်ဖြစ်ပြီး အလုံးစုံ ပျက်စီးရေးနဲ့ ရွေးကောက်ပွဲလမ်းစဉ်ကို ဖျက်ဆီးရေးဆိုတာပါပဲ။ ရွေးကောက်ပွဲမဖြစ်အောင် အကြံအစည်နဲ့ လုပ်ပေမယ့် လုပ်နည်းလုပ်ဟန်တွေက ဦးနှောက်မပါဘူး၊ ရူးရူးနှမ်းနှမ်းအဆင့်နဲ့ ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခုဟာ အပြစ်မဲ့ပြည်သူကို ထိခိုက်သလား၊ လုံခြုံရေးအဖွဲ့တွေကိုပဲ ထိခိုက်သလား၊ ကိုယ့်ဘက်တော်သား ဒါမှမဟုတ် ကိုယ့်လိုတော်လှန်သူတွေရဲ့ မိဘဆွေမျိုးတွေကို မတော်တဆထိခိုက်နိုင်သလား စသည်ဖြင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းအား မရှိလောက်အောင်ပါပဲ။ သေချာပါတယ်။

ဒီလိုစဉ်းစားဉာဏ်မရှိ မလုပ်သင့်၊ မလုပ်အပ်ရာကို လုပ်တာဟာ တစ်ခုခုနှိုးဆော်မှုမရှိဘဲ၊ မသုံးဘဲနဲ့တော့ မဖြစ်နိုင်ပါဘူး။ မသုံးရမနေနိုင်တဲ့ အဆင့်ရောက်နေတဲ့ မူးယစ်စိတ်ကြွဆေးဝါးတွေကြောင့် သော်လည်းကောင်း၊ စရန်သပ်ပြီးသား ငွေကြေးကြောင့်သော်လည်းကောင်း၊ နောက်ထပ်အကြမ်းဖက်အားပေး အလှူရှင်တွေဆီက ငွေချူစား၊ တောင်းစားကောင်းရုံ အတွက်သော်လည်းကောင်း တစ်ခုခုပါပဲ။ တကယ်တော့ အကြမ်းဖက်တွေရဲ့ လုပ်ရပ်နဲ့ အပြောကအားလုံးကို လိမ်နေတာချည်းပဲ လို့သာ ယူဆရမှာဖြစ်တယ်။

ဒီလို လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် မရှိတဲ့ အပြစ်မဲ့ပြည်သူတွေကို ကြက်ကလေး၊ ငှက်ကလေးလို သတ်နေကြလို့ သူတို့အကြမ်းဖက်တွေရဲ့ဆန္ဒ ပြည့်ဝသွားကြပြီလား မသိရပေမယ့် မြန်မာနိုင်ငံရဲ့ အကြမ်းဖက်ဖြစ်စဉ်တွေမှာ အကြမ်းဖက်တွေလက်ချက်နဲ့ နိုင်ငံ့ဝန်ထမ်းတွေ လုံခြုံရေးတွေ သေကျေကြရသလို အကြမ်းဖက်သမားတွေ ကိုယ်တိုင် သို့မဟုတ် သူတို့ရဲ့ အမေတွေ၊ အဖေတွေ၊ ကိုယ့်လို ကိုယ့်ရဲ့ဘက်တော်သား တော်လှန်ရေးသမားဆိုသူတွေရဲ့မိဘတွေကို သတ်မိပြီး ကိုယ့်ကြောင့် သေကြ၊ ကျေကြတာ မြင်ရကြားရလေတော့ အကြမ်းဖက်သမားတွေရဲ့ ဆန္ဒတွေ တကယ်ပြည့်ဝသွားပြီလား မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်၊ သူတို့ကိုယ်တိုင်ထုတ်ရမယ့် မေးခွန်းပါ။ (အင်းစိန်ထောင်ဝ အကြမ်းဖက်ပါဆယ်ထုပ်ဖြင့် ဖောက်ခွဲမှုဖြစ်စဉ်)

## တာဝန်ယူ၊ တာဝန်ခံမှုမရှိတဲ့ အကြမ်းဖက်များ

အကြမ်းဖက်ဖြစ်စဉ်တွေရဲ့ ရည်ရွယ်ချက်ဟာ အုပ်ချုပ်ရေးယန္တရား မတည်ငြိမ်ပျက်ပြားဖို့နဲ့ လူငယ်တွေရဲ့ အနာဂတ်နဲ့ နိုင်ငံအနာဂတ်ပျက်စီးစေဖို့၊ နိုင်ငံရေးနဲ့ လုံးဝမသက်ဆိုင်တဲ့ ကျောင်းသားကျောင်းသူတွေရဲ့ ပညာရေးကို အကြမ်းဖက်ဖျက်ဆီးဖို့အပြင် တစ်ခုသတိထားမိတဲ့အချက်က အခုနောက်ပိုင်း အကြမ်းဖက်ဖြစ်စဉ်တွေဟာ အမျိုးဘာသာ၊ သာသနာကို တိုက်ရိုက်တိုက်ခိုက် ထိပါးစော်ကားတဲ့ဘုရား၊တရား၊သံဃာ၊ဘာသာတရားကို ရှင်းလင်းသုတ်သင်မယ့် အကြမ်းဖက်မှုတွေလို့ ယူဆစရာအကြောင်းတွေကိုလည်း တွေ့လာနေရပါတယ်။

❑ အကြမ်းဖက်ဖြစ်စဉ်တွေရဲ့ ရည်ရွယ်ချက်ဟာ အုပ်ချုပ်ရေးယန္တရား မတည်ငြိမ် ပျက်ပြားဖို့နဲ့ လူငယ်တွေရဲ့ အနာဂတ်နဲ့ နိုင်ငံအနာဂတ်ပျက်စီးစေဖို့၊ နိုင်ငံရေးနဲ့ လုံးဝမသက်ဆိုင်တဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးကို အကြမ်းဖက် ဖျက်ဆီးဖို့အပြင် တစ်ခုသတိထားမိတဲ့အချက်က အခုနောက်ပိုင်း အကြမ်းဖက် ဖြစ်စဉ်တွေဟာ အမျိုးဘာသာ၊ သာသနာကို တိုက်ရိုက်တိုက်ခိုက် ထိပါးစော်ကား တဲ့ ဘုရား၊ တရား၊ သံဃာ၊ ဘာသာတရားကို ရှင်းလင်းသုတ်သင်မယ့် အကြမ်းဖက်မှု တွေလို့ ယူဆစရာအကြောင်းတွေကိုလည်း တွေ့လာနေရပါတယ်

*စာမျက်နှာ ၁၁ သို့*

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ပြန်လည်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၆၉) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီတွင် အဆိုပါတက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်မျိုးဆက်သစ်များကို ပုံသွင်းပေးရသောအခြေခံပညာ ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသဖြင့် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များတွင် ပြန်လည်ဖွင့်လှစ် လေ့ကျင့်ပေးခြင်းဖြစ်ကြောင်း။

သင်တန်းကို အခြေခံပညာ ဦးစီးဌာနရှိ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြအဆင့် အခြေခံပညာ ဆရာ ဆရာမများကို နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေများအား သိရှိစေရန်၊ ကျောင်းသားများနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လေ့လာနိုင်စေရန်၊ ဆရာ့သိက္ခာနှင့် ဆရာ့ကျင့်ဝတ်များကို သဘောပေါက် တန်ဖိုးထားတတ်စေရန်၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သိရှိစေရန်၊ အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန်နှင့် မိမိနိုင်ငံတော်အစဉ် တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတစ်ဦး၊ နိုင်ငံ့ဝန်ထမ်း တစ်ဦးအနေဖြင့် တာဝန်ရှိမှု၊ တာဝန်သိမှုများ ဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။



ထို့ပြင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်က ထုတ်ပြန်ထားသည့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ တည်မြဲအမိန့်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ တည်မြဲအမိန့်တွင်ပါသော စည်းကမ်းများအပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုပါ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၃ ဦး၊ သင်တန်းသူ ၃၇၆ ဦး စုစုပေါင်း ၄၆၉ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ၂၅ ရက်အထိ ရက်သတ္တ ငါးပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

○ *ကျော်ဖုံးမှ*

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား) (H'cap 0–12) ဝါသနာရှင်အဆင့် (အမျိုးသမီး) (H'cap 0–18) ယှဉ်ပြိုင် ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီး စည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် လူဦးရေ ကန့်သတ် ထားသောကြောင့် ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ကို စိစစ်ရွေးချယ်မည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)နှင့် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်တို့တွင် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ရန်ကုန် လက်ရည်စစ်ပွဲအတွက် ဖုန်း ၀၉–၄၂၀၀၂၂၅၉ နှင့် ပြင်ဦးလွင်ပွဲစဉ်အတွက် ဖုန်း ၀၉–၄၂၆ ၆၆၀၀၀၃ ထံ စာရင်းပေးသွင်းရမည်ဖြစ်သည်။

လက်ရည်စစ် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများသည် ဝင်ကြေးပေးသွင်းရန် မလိုသော်လည်း ဂေါက်ကွင်းသို့ ပေးသွင်းရမည့် Green fees, Caddie တို့အား မိမိအစီအစဉ်ဖြင့် ပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲအတွက် ရန်ကုန်လက်ရည်စစ်ပွဲမှ ၄၀၊ ပြင်ဦးလွင် လက်ရည်စစ်ပွဲမှ အားကစားသမား ၄၀ စီ ရွေးချယ်မည် ဖြစ်သည်။

ဝါသနာရှင်အဆင့် (အမျိုးသားများအတွက်) ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ၏ ကျင်းပပြီးစီးခဲ့သည် ပွဲစဉ် (၆)ပွဲတို့တွင် Order of Merit ဇယားများအရ အဆင့် (၁) မှ (၃၀) အတွင်း ရရှိသူများသည် ယခုလက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စရာမလိုဘဲ ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်) ပွဲစဉ်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်။ **ကိုညီလေး**

---

## မုန်တိုင်းငယ် အားလျော့သွားခဲ့ပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ နံနက် ၉ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကုန်းတွင်းပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်–အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဖြစ်သည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် မြောက်–အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

---

*စာမျက်နှာ ၁၀ မှ*

တစ်ခုတော့ ရှိပါတယ်။ မြန်မာနိုင်ငံက အကြမ်းဖက်မှုတွေမှာ ထူးခြားချက်တချို့က တစ်ဖွဲ့ရဲ့ အကြမ်းဖက်မှုကို အခြားအကြမ်းဖက်အဖွဲ့အစည်းတွေ ကိုယ်တိုင်က တစ်ခါတစ်ရံ ရှုတ်ချပြလေ့ရှိခြင်းပါပဲ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိခိုက်ရင်တော့ အကြွားတစ်လုံးနဲ့ အားရဝမ်းသာ ဖော်ကြွလေ့ရှိပြီး ပြည်သူတွေ သို့မဟုတ် သူတို့ဘက်တော်သားတွေထဲက ထိခိုက်သွားရင်တော့ ဖြစ်ပြီးခါမှ တို့လုပ်တာမဟုတ်ဘူးဆိုပြီး ပျာပျာသလဲ ပြစ်တင်ရှုတ်ချရတာနဲ့၊ အကြမ်းဖက်လုပ်ငန်းအတွက် ထောက်ပံ့မှုတွေ ရပ်တန့်ရတာနဲ့၊ သူတို့ အချင်းချင်းဖုံးရ၊ ဖိရ၊ ဖာရထေးရတာနဲ့၊ ရှေ့ကဖုံး နောက်ကပေါ် ရှုပ်ယှက်ကို ခတ်နေတာပါပဲ။ NUG က အစိုးရလို့သာ အမည်ခံတယ်၊ ဘယ်သူက ဘယ်သူ့ကို တာဝန်ယူ တာဝန်ခံမှန်းမသိ၊ ရိုးသားမှုမရှိ၊ တာဝန်ယူ တာဝန်ခံမှုမရှိတဲ့ သဘောကို မြန်မာပြည်က အကြမ်းဖက်ဖြစ်စဉ်တွေမှာ မမြင်ချင်မှအဆုံး ကြားသိနေရခြင်းဟာ တကယ်ကို စိတ်မချမ်းသာစရာပါ။

### အကုသိုလ်အကျိုးပေး မလွဲမသွေ ကြုံကြရလိမ့်မည်

ဘာပဲပြောပြော အကြမ်းဖက်ဖြစ်စဉ်အားလုံးရဲ့ တရားခံဟာ နိုင်ငံရေးအမြတ်ထုတ်လိုတဲ့ နိုင်ငံရေးအစွန်းရောက်တွေကြောင့်ပဲဆိုတာ သိသာထင်ရှားလာပါပြီ။ သူတို့ ရည်မှန်းချက်အတွက် ဘူမသိ၊ ကိုးမသိ အကြမ်းဖက် အရိုင်းအစိုင်းတွေ ဖြစ်မှန်းမသိ ဖြစ်နေကြတဲ့ ယနေ့လူငယ်တွေအတွက်လည်း ဝမ်းနည်းနှမြောစရာ ကောင်းလှပါတယ်။

ဒီလို ယုတ်မာသူတွေကြောင့် ယနေ့တိုင်းရင်းသားပြည်သူတွေရဲ့ လူ့အခွင့်အရေးတွေဟာ ပိုပြီး ဆုတ်ယုတ်သွားနေရတယ်။ ဒီမိုကရေစီလမ်းကြောင်းဟာလည်း ဝေးသထက် ဝေးလာနိုင်တယ်ဆိုတာ ပြည်သူစစ်စစ်တွေကတော့ သိသိကြီးနဲ့ စိုးရိမ်နေကြရပါပြီ။ ဒီကြားထဲမှာမှ တပ်မတော်အစိုးရရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအာမခံချက်ပေးနိုင်မယ့် တစ်ခုတည်းသော လမ်းပြမြေပုံသည်သာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေအတွက် အားကိုးယုံကြည်ဖွယ်ရာအဖြစ် မှတ်ယူရန်သာရှိပါတော့တယ်လို့ ဆိုချင်ပါတယ်။

အကြမ်းဖက်သမားတွေကို ပြောချင်တာ တစ်ခုရှိပါတယ်။ လူတိုင်းဟာ အသက်ဆုံးရှုံးရမှာ ကြောက်ကြတဲ့သူချည်းပါပဲ။ မိမိကို အပ်နဲ့ ထိုးခံရရင်တောင် ခံနိုင်ကြတာ မဟုတ်ပါဘူး၊ ကိုယ့်အသက်ကိုယ် နှမြောကြသူချည်းပါပဲ။ လူတိုင်း ကိုယ့်ကိုယ်ကိုယ် အသတ်ခံရမှာကြောက်ကြမှာပါ။ ကိုယ်ချင်းစာကြည့်ပါ၊ မိမိကို သူများသတ်တာ မကြိုက်ရင် ကိုယ်လည်းသူများအသက်ကို လွယ်လွယ်ကူကူ မသတ်ဖြတ်သင့်ကြပါဘူး။

အကုသိုလ်အလုပ်တွေ ထပ်ပြီးမလုပ်မိအောင် မေတ္တာတရားကြီးကြီးနဲ့ တရားသဘောလေး ပြောပြချင်ပေမယ့် အားလုံးက အဆိပ်မှိုင်းမိနေကြလေတော့ ဘယ်လိုပြောပြော ဒီအချိန်မှာတော့ လွတ်လမ်း၊ ကျွတ်လမ်းလည်း မှုန်ဝါးဝါးဖြစ်နေမှာပါပဲ။ မိုက်ရိုင်းမှုတွေကြားမှာ ဆုံးမစကားတွေဆိုလည်း ဘယ်လိုမှ ခံယူလွယ်တော့မှာ မဟုတ်ပါဘူး။ တံလျှပ်ကိုရေထင်ပြီး လက်နက်အားကိုးနဲ့ မကောင်းတာကို အကောင်းထင်လုပ်လာကြလေတော့ လူသတ်ရာမှာတောင် တစ်ဦးမက၊ နှစ်ဦးသုံးဦးမက အစုအပြုံလိုက် သတ်ရရင်တောင် ဝန်မလေး၊ ပျော်မွေ့နှစ်သက်သူတွေ ဖြစ်လာကြပါတယ်။ ဒီအခြင်းအရာတွေ အားလုံးဟာ အကြမ်းဖက်သမားတွေအတွက်တော့ နိဂုံးရဲ့အစ မလွဲမသွေဖြစ်ရပါလိမ့်မယ်။ အကုသိုလ်ကံတွေ အကျိုးပေးချိန်တန်ပြီဆိုရင်တော့ ကြုံရမယ့်အရာ ခပ်သိမ်းမှန်သမျှဟာ အဆိုးတွေချည်းပဲဖြစ်မှာ မလွဲပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မြန်မာနိုင်ငံရဲ့ သမိုင်းမှာတော့ ဘုရားသားတော်တွေကို သတ်ဖြတ်တဲ့ အကြမ်းဖက် ဖြစ်စဉ်တွေ၊ ပညာရေး ဆရာ ဆရာမတွေကို သတ်တဲ့ အကြမ်းဖက်ဖြစ်စဉ်တွေ ကျွန်တော်တို့ခေတ်မှာ တကယ်ရှိခဲ့၊ ဖြစ်ခဲ့ကြောင်း နောင်လာမယ့် မျိုးဆက်တွေကတော့ နောင်တစ်ချိန်မှာ ယုံတမ်းသဖွယ် ပြောနေကြမှာ သေချာပါတယ်။ ကျွန်တော်တို့ လူမျိုးတွေဟာ ဘက်တစ်ဖက်က စည်းရုံးရေး နည်းလမ်းပေါင်းစုံနဲ့ အချိန်ယူဖြားယောင်းသွေးဆောင်လိုက်ရင် သိမ်းသွင်းခံရဖို့ များတဲ့အထဲမှာ ပါပါတယ်။

ကိုယ်မှားမှန်းသိတဲ့အချိန် တစ်ဖက်သားရဲ့ လှည့်ကွက်ထဲမှာ အမိခံနေရပါပြီ။ တစ်ဖက်က နားလှည့်ပါးရိုက်စိတ်နဲ့ အကြမ်းဖက်စေခိုင်းသူတွေရဲ့ ဆွဲဆောင်သိမ်းသွင်းမှုအောက်မှာ သတင်းမှားတွေနဲ့အတူ အမှားအမှန်ခွဲခြား သုံးသပ်ဆင်ခြင်နိုင်စွမ်းနည်းပါးပြီး နားဝေတိမ်တောင်ဖြစ်နေသူတွေအတွက်တော့ ဓမ္မနဲ့အဓမ္မအကြား ပြတ်သားဖို့ ခက်နေဦးမှာပါပဲ။ အလင်းပျောက်ပြီး အမှောင်ဖုံးနေသူတွေအတွက်လည်း သူများမျက်ရည်ကျမှု၊ သူများထမင်းအိုးကွဲမှု၊ စိတ်ဆင်းရဲမှု နေပျော်သေပျော်တဲ့ ဘဝကို မစုံမက်ကြပါနဲ့တော့။ စဉ်းစဉ်းစားစားနဲ့ ရပ်တန်းက ရပ်ကြရန်သာ အလေးထားတိုက်တွန်းလိုပါတယ်။

အကျပ်အတည်းကြားမှာတော့ အားလုံးက ရှန်းကန်ကြရမှာပါပဲ။ ပြည်သူတွေ ထိခိုက်မှုနည်းသထက်နည်းအောင် လုပ်နိုင်တာနဲ့အမျှ နိုင်ငံတော်အစိုးရနဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေအပေါ် ပြည်သူတွေရဲ့ ယုံကြည်အားကိုးမှုကလည်း တိုးသထက်တိုးလာမှာ အသေအချာပါပဲ။ ပြည်သူလူထုအနေနဲ့လည်း ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ တည်ငြိမ်ရေး၊ နိုင်ငံအေးချမ်းသာယာရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ အပြည့်အဝ ပူးပေါင်းပြီး ပြည်သူပါဝင်တဲ့ အကြမ်းဖက်တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသား ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်နေပါကြောင်းကိုသာ အလေးထား တင်ပြရေးသားလိုက်ရပါတယ်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၄၅ | ၂၂၆၅ | ၂၇၇၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၀ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၁၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၆၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၀၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၅၅ | ၂၆၇၅ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၅ | ၂၆၉၅ | ၂၉၁၅ | ၃၄၈၅ |
| HSD (50 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၅၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၆၅ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၅၂၀ |
| HSD (10 ppm) | ၂၆၈၅ | ၂၇၃၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၅၅ | ၂၇၅၀ | ၂၇၁၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၅ | ၂၇၆၅ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၅ | ၁၉၃၆ |
| 95 Ron | ၁၉၅၅ | ၂၀၂၈ |
| HSD (500 ppm) | ၂၄၉၆ | ၂၅၇၅ |
| HSD (50 ppm) | ၂၅၆၇ | ၂၆၄၈ |
| HSD (10 ppm) | ၂၅၆၇ | ၂၆၄၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆


၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ (ဒေသတွင်းအဆင့်) ပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ – ဒေသတွင်းအဆင့် (10th ASEAN Quiz –Regional Level) ပြိုင်ပွဲကျင်းပရေး အကြိုညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ပြုလုပ်ရာ မြန်မာနိုင်ငံ ပြန်ကြားရေး ဆပ်ကော်မတီ (SCI – Myanmar) ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN Quiz (Regional Level) ပြိုင်ပွဲအတွက် နိုင်ငံအဆင့် ကိုယ်စားပြု ဆောင်ရွက်ကြမည့် စီမံကိန်းတာဝန်ခံများ စုစုပေါင်း ၃၄ ဦး တက်ရောက်ဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**





အစည်းအဝေးတွင် မြန်မာနိုင်ငံ ပြန်ကြားရေး ဆပ်ကော်မတီ (SCI– Myanmar) ဥက္ကဋ္ဌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်ပြောကြားပြီး (10th ASEAN Quiz Regional Level) ပြိုင်ပွဲကျင်းပမည့် အစီအစဉ်နှင့်စပ်လျဉ်းသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများ၊ ASEAN Quiz မေးခွန်းပုံစံများနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲကျင်းပမည့် နေပြည်တော်ရှိ MICC–II တွင် ပြင်ဆင်ဆောင်ရွက်မှုနှင့် အခမ်းအနားအစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ – ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ– နိုင်ငံအဆင့် (10th ASEAN Quiz–National Level) ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်က ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio – A တွင် ရုပ်မြင်သံကြား ရိုက်ကူးရေး ပြုလုပ်မှုနှင့်အတူ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုရမှတ်များအပေါ် နည်းပညာဆိုင်ရာ ပံ့ပိုးမှုနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် (10th ASEAN Quiz Regional Level) ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ငါးဦးကို ပဏာမ ရွေးချယ်ခဲ့ကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူ ငါးဦး အနက်မှ သုံးဦးကို စိစစ်၍ ရွေးချယ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ Online မှတစ်ဆင့် လေ့ကျင့်သင်ကြားပို့ချမှုများ ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ပထမပတ်တွင် စာမေးပွဲစစ်ဆေးခြင်းများ ပြုလုပ်၍ ဒိုင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး နေပြည်တော် (MICC–II) တွင် ကျင်းပပြုလုပ်မည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ – ဒေသတွင်းအဆင့် (10th ASEAN Quiz – Regional Level) ပြိုင်ပွဲသို့ အာဆီယံနိုင်ငံအားလုံးမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် နိုင်ငံအဆင့် (National Level) ပြိုင်ပွဲများ ပြုလုပ်ပြီး တစ်နိုင်ငံလျှင် ကျောင်းသား ကျောင်းသူ သုံးဦးနှုန်းဖြင့် ရွေးချယ်ကာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်



**ရန်ကုန် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်း အတတ်သင် သိပ္ပံကျောင်းတွင် ငါး၊ ပုစွန် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီး ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက အမှာစကား ပြောကြားပြီး ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ငါးလုပ်ငန်းဦးစီးဌာနမှ သင်တန်းသား ခြောက်ဦးနှင့် သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၂၅ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းတွင် ဒုတိယဦးစီးမှူး ဒေါ်ခင်မေကြည်က အကူလက်ထောက်တစ်ဦးနှင့်အတူ သင်တန်းပို့ချဖြစ်ကာ သင်တန်းကာလမှာ အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗြိတိန်နိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ် ရီရှီဆူးနက်ခ် ဖြစ်လာမည်

**လန်ဒန် အောက်တိုဘာ ၂၅**

ရီရှီဆူးနက်ခ်သည် အစိုးရအသစ် ဖွဲ့စည်းရန် ဘက်ကင်ဟမ်နန်းတော်၌ ချားလ်ဘုရင် ၃ နှင့် တွေ့ဆုံပြီးနောက် နှစ်လအတွင်း ဗြိတိန်၏ တတိယမြောက် ခေါင်းဆောင်ဖြစ်လာမည်ဖြစ်သည့်အတွက် ဗြိတိန်ရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ ဝန်ကြီးချုပ်သစ် တရားဝင်ခန့်အပ်မှုကို စောင့်ဆိုင်းနေကြပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။



ဗြိတိန်၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်လာမည့် ရီရှီဆူးနက်ခ်။

ထို့ပြင် ၎င်းသည် ရာစုနှစ်များအတွင်း ဗြိတိန်၏ အသက်အငယ်ဆုံးဝန်ကြီးချုပ် ဖြစ်လာမည်လည်း ဖြစ်သည်။ ဆူးနက်ခ်သည် စက်တင်ဘာလက ခေါင်းဆောင်ရာထူးအတွက် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ရာတွင် လစ်ထရက်ဇ်ကို ရှုံးနိမ့်ထားသူဖြစ်သည်။ သို့သော်လည်း အသက် ၄၂ နှစ်အရွယ်ရှိ ဆူးနက်ခ်သည် အောက်တိုဘာ ၂၀ ရက်တွင် လစ်ထရက်ဇ် တာဝန်မှနုတ်ထွက်ကြောင်း ကြေညာပြီးနောက် ခေါင်းဆောင်ဖြစ်လာရန် လူကြိုက်များသူလည်း ဖြစ်သည်။

ကွန်ဆာဗေးတစ်ခေါင်းဆောင်အဖြစ် ကြေညာပြီးနောက် လက်ရှိတွင် တည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်မှု လိုအပ်ကြောင်း၊ စီးပွားရေးအကျပ်အတည်း ဖြေရှင်းဆောင်ရွက်ရေးကို အဓိကဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆူးနက်ခ်က ပထမဆုံးလူထုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆူးနက်ခ်သည် ဗြိတိန်၌ အချမ်းသာဆုံးသူများထဲမှတစ်ဦးဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးအဖြစ် သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

မဲဆန္ဒရှင်များမှာ ကွန်ဆာဗေးတစ်များကို စိတ်ကုန်နေကြပြီး အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်ခွင့်ရှိသင့်ကြောင်း အတိုက်အခံခေါင်းဆောင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန် မစ်ဆူရီပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး

**ဝါရှင်တန် အောက်တိုဘာ ၂၅**

လက်နက်ကိုင်အမျိုးသားတစ်ဦးက အမေရိကန်အနောက် အလယ်ပိုင်းပြည်နယ် မစ်ဆူရီရှိ အထက်တန်းကျောင်းတစ်ကျောင်း၌ တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

အသက် ၁၉ နှစ်ရှိလက်နက်ကိုင်အမျိုးသားသည် အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အထက်တန်းကျောင်းအဆောက်အအုံထဲသို့ ဝင်သွားခဲ့သည်။ သေနတ်ကိုင်အမျိုးသားသည် လွန်ခဲ့သောနှစ်က စိန့်လူးဝစ်အထက်တန်းကျောင်းမှ ဘွဲ့ရခဲ့သည်။

သေနတ်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက် ၁၆ နှစ်နှင့် ၆၁ နှစ်ရှိ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ပြီး ဆယ်ကျော်သက် ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲများက ပြောသည်။ အရေးပေါ်ဖုန်းခေါ်ဆိုပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် ရဲများက သံသယရှိသူကိုအသေပစ်သတ်ခဲ့သည်။ ကျောင်းဂိတ်တံခါးကို သော့ခတ်ထားပြီး လုံခြုံရေးအရာရှိများရှိစဉ် သေနတ်သမားသည် ကျောင်းဝင်းထဲသို့ မည်သို့ဝင်ရောက်ခဲ့သလဲဆိုသည်ကို ရဲများက စဉ်းစားလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ယူဂန္ဓာနိုင်ငံအလယ်ပိုင်းရှိ စာသင်ကျောင်းတစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ ၁၁ ဦး သေဆုံး

**ကမ်ပါလာ အောက်တိုဘာ ၂၅**

ယူဂန္ဓာနိုင်ငံအလယ်ပိုင်း မူကွန်နိုခရိုင်ရှိစာသင်ကျောင်းတစ်ကျောင်းတွင် အောက်တိုဘာ ၂၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးငယ် ၁၁ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။



မျက်မမြင် ဆာလာမာကျောင်း မီးလောင်မှုကို တွေ့ရစဉ်။

အဆိုပါ ဝမ်းနည်းဖွယ်ရာ မီးလောင်မှုသည် ဒေသစံတော်ချိန် နံနက် ၁ နာရီ ဝန်းကျင်တွင် မျက်မမြင် ဆာလာမာကျောင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မီးလောင်ရခြင်း၏ အကြောင်းရင်းကို လတ်တလော မသိရှိရသေးကြောင်း၊ လက်ရှိအချိန်အထိ သေဆုံးသူ ၁၁ ဦးရှိကြောင်းနှင့် ခြောက်ဦးမှာ ပြင်းထန်သော ဒဏ်ရာရရှိခဲ့သောကြောင့် ကီဆိုဂါရှိ ဟီရိုနာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူဂန္ဓာနိုင်ငံ၌ စာသင်ကျောင်းများ မီးလောင်မှုမှာ အဖြစ်များသည်ဟု သိရသည်။ နောက်ဆုံးအကြိမ် မီးလောင်မှုမှာ ဇန်နဝါရီလက မြို့တော် ကမ်ပါလာရှိ စာသင်ကျောင်းတစ်ခု၌ဖြစ်ပြီး လေးဦး သေဆုံးခဲ့သည်ဟု သိရသည်။

၂၀၁၈ ခုနှစ်က နိုင်ငံအလယ်ပိုင်း အထက်တန်းကျောင်းတစ်ခုတွင်လည်း မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျောင်းသား ကျောင်းသူ ကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအနောက်ပိုင်း၌ ကျားသစ်တိုက်ခိုက်ခံရမှုကြောင့် အမျိုးသမီးငယ်တစ်ဦး သေဆုံး

**မွမ်ဘိုင်း အောက်တိုဘာ ၂၅**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအနောက်ပိုင်း အာရေးကိုလိုနီဆင်ခြေဖုံး၌ အသက် ၁၆ လအရွယ်ရှိ မိန်းကလေးငယ်တစ်ဦး ကျားသစ်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကျားသစ်တိုက်ခိုက်ခံရချိန်တွင် မိန်းကလေးငယ်သည် ၎င်း၏မိခင်နှင့်အတူ ဘုရားကျောင်းသို့ သွားရောက်ချိန်ဖြစ်ကြောင်း သိရသည်။ ကျားသစ်တိုက်ခိုက်ခံရပြီးနောက် ၎င်းကို အနီးဆုံးဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သော်လည်း ဆရာဝန်များက မိန်းကလေးငယ် သေဆုံးသွားပြီဟု အတည်ပြုခဲ့ကြောင်း ဒေသခံရဲများက ပြောသည်။

အာရေးကိုလိုနီ၌ တစ်လအတွင်း ယခုလို ကျားသစ်တိုက်ခိုက်ခံရမှုသည် နှစ်ကြိမ်မြောက်ဖြစ်သည်။ ယခုလအစောပိုင်းကလည်း အသက်လေးနှစ်အရွယ် ယောကျာ်းလေးတစ်ဦး တိုက်ခိုက်ခံခဲ့ရသေးသည်။

လွန်ခဲ့သောနှစ်က ကျားသစ်တိုက်ခိုက်ခံရမှုကြောင့် ၁၀ ဦးကျော် အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

၁၆ စတုရန်းကီလိုမီတာကျော်ရှိသည့် အာရေးကိုလိုနီသည် ကျေးလက်သစ်တောများဖုံးလွှမ်းနေသည့် ဒေသတစ်ခုဖြစ်ကာ မွမ်ဘိုင်းအနောက်ပိုင်းတွင်တည်ရှိပြီး ဆန်ဂျေးဂန္ဒီအမျိုးသားဥယျာဉ်အနီးတွင် တည်ရှိသည်။

**ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်သို့ ဆိုင်ကလုန်းမုန်တိုင်း စီတရန် ဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၅ ဦးထက်မနည်းသေဆုံး

**ဒါကာ အောက်တိုဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းများသို့ ဆိုင်ကလုန်းမုန်တိုင်း စီတရန် ဝင်ရောက်တိုက်ခတ်မှုကြောင့် ၁၅ ဦးထက် မနည်း သေဆုံးကြောင်းနှင့် မုန်တိုင်းမှာ အောက်တိုဘာ ၂၅ ရက် အစောပိုင်းတွင် အပူပိုင်းမုန်တိုင်းငယ်တစ်ခုအဖြစ် အားပျော့သွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ထို့ပြင် လေပြင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ အဆိုပါ မုန်တိုင်းကြောင့် အိုးအိမ်များ၊ ကောက်ပဲသီးနှံများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး သစ်ပင်လဲကျမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ဆိုင်ကလုန်း မုန်တိုင်းကြောင့် နိုင်ငံတောင်ပိုင်း ဘိုလာခရိုင်တွင် လေးဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ သစ်ပင်များပြိုလဲကျပြီး လမ်းများပိတ်ဆို့ကာ လျှပ်စစ်မီးများလည်း ပြတ်တောက်လျက်ရှိကြောင်း သိရသည်။



နိုင်ငံအရှေ့ပိုင်း ကူမီလာခရိုင်ရှိ နေအိမ်တစ်အိမ်တွင် အမျိုးသားတစ်ဦး၊ ၎င်း၏ အမျိုးသမီးနှင့် မွေးကင်းစသမီးတို့သည် ၎င်းတို့၏ အိမ်ပေါ်သို့ သစ်ပင်ပြိုလဲကျမှုကြောင့် အသက်သေဆုံးခဲ့ကြောင်း ခရိုင်အကြီးတန်း အရာရှိတစ်ဦးဖြစ်သူ ရိုင်ဟန် မဲဘတ်က ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ မုန်တိုင်း စီတရန်ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒေသအများအပြား၌ အန္တရာယ်အချက်ပြအဆင့် ၇ ကို ကြေညာချက်ထုတ်ပြန်ထားပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းသင်္ဘောများ၊ ရေကြောင်းသွားလာရေး ယာဉ်များကိုလည်း နောက်ထပ်ကြေညာချက် မထုတ်ပြန်မီအထိ လုံခြုံသောနေရာတွင် နေကြရန် အကြံပြုထားသည်။ **ဆင်ဟွာ**

# လောင်စာဆီအကျပ်အတည်းကြောင့် အေးခဲလှသည့် ဆောင်းရာသီတွင် ကျောင်းတက်ရန် ထိတ်လန့်နေကြသည့် လက်ဘနွန် ကျောင်းသားများ

**နွယ်နီလင်း**



လက်ဘနွန်နိုင်ငံ စာသင်ကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူလေးများကို တွေ့ရစဉ်။

လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ရာရှာ အယ်လ်ဝါဒီမြို့၌ နေထိုင်သည့် အိမ်ရှင်မတစ်ဦးဖြစ်သူ ဆောဆန်အယ်လ်ခါဒီသည် ယခုနှစ်ဆောင်းရာသီအတွင်း အနွေးဓာတ်ပေးရန် လောင်စာဆီဖူလုံမှု မရှိသည့်အတွက် ၎င်း၏ ကလေးများကို နွေးထွေးစွာမထားနိုင်မည်ကို စိုးရိမ်ပူပန်နေသည်။

"အထူးသဖြင့် နိုင်ငံတစ်ဝန်းမှာ ကာလဝမ်းရောဂါ ကူးစက်ဖြစ်ပွားပြီးနောက် သင့်လျော်တဲ့ အပူပေးပစ္စည်းတွေမရှိဘဲ ရာသီဥတု အေးတဲ့အချိန်မှာ ကလေးတွေကို ကျောင်းပို့ဖို့ စိုးရိမ်နေတယ်" ဟု ၎င်းက ဆိုသည်။

**ကလေးများအတွက် နွေးထွေးရန် မလုံလောက်**

ကလေးများအတွက် သိုးမွေးအထည်များ ဝယ်ပေးခဲ့ပြီးဖြစ်သော်လည်း အေးခဲသည့်ဆောင်းရာသီတွင် ၎င်း၏ ကလေးများအတွက် နွေးထွေးရန် မလုံလောက်ကြောင်း အယ်လ်ခါဒီက ဆက်ပြောသည်။

**ဒီဇယ်ဈေးနှုန်းများ သိသိသာသာ မြင့်တက်**

ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများကြောင့် အစိုးရက လောင်စာဆီထောက်ပံ့မှုများကို ရပ်တန့်လိုက်ပြီးနောက် အပူပေးစက်များ လည်ပတ်ရာတွင် အသုံးပြုသည့် ဒီဇယ်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင် ကျောင်းတက်ခြင်းသည် လက်ဘနွန် ကျောင်းသားကျောင်းသူများအတွက် စွန့်စားရသည့် အလုပ်တစ်ခုသဖွယ် ဖြစ်နေဦးမည်ဖြစ်သည်။

"အလွန်အေးတဲ့ နေ့ရက်တွေမှာ ကျွန်မသားကို ကျောင်းပို့ဖြစ်မှာ မဟုတ်ဘူးလို့ ကျောင်းကို အကြောင်းကြားထားတယ်။ ကျောင်းအတွက် ဒီဇယ်ဆီလိုအပ်ချက်ရဲ့ ၁၀ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်တယ်။ အဲဒီပမာဏဟာ ကျောင်းရဲ့ အပူပေးစက်တွေကို တစ်လစာသာ လည်ပတ်ဖို့ လုံလောက်တယ်" ဟု ရာရှာအယ်လ်ဝါဒီမြို့၌ နေထိုင်သူ အယ်လ်ဟမ်အက်ဘ်ဒယ်ဟာခ်က ဆိုသည်။

အပူပေးဝန်ဆောင်မှုဖြင့် ဒီဇယ်ဈေး ၂၀ လီတာလျှင် အမေရိကန်ဒေါ်လာ ၂၆ ဒေါ်လာအထိ တိုးမြှင့်ပေးဆောင်ရသဖြင့် တောင်တန်းဒေသများရှိ ကျောင်းများ၏ စာသင်ခန်းများတွင် အပူပေးစက် လည်ပတ်နိုင်ရန်အတွက် အဆိုးဆုံးသော စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်ဟု လက်ဘနွန်နိုင်ငံတောင်ပိုင်း ဟာဘာယာမြို့ရှိ မီမားစ်အစိုးရ အလယ်တန်းကျောင်းမှ ဒါရိုက်တာဖြစ်သူ ဂျီဟန်အယ်ခါတက်ဘ်က ပြောသည်။

**ကျောင်းအတွက် တတ်နိုင်သည့် အနေအထားမဟုတ်**

စာသင်ခန်း ၁၀ ခန်းပါသော ကျောင်းတစ်ကျောင်းသည် နေ့စဉ်အပူပေးရန်အတွက် ဒီဇယ် ၆၀ လီတာခန့် လိုအပ်ပြီး ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၈၀ ခန့် ရှိသည့်အတွက် လက်ဘနွန်ပေါင် ၃ ဒသမ ၂ သန်းခန့်နှင့် ညီမျှကြောင်း အယ်ခါတက်ဘ်က မှတ်ချက်ပြုပြောဆိုသည်။ အဆိုပါ ငွေကြေးပမာဏမှာ ကျောင်းအတွက်တတ်နိုင်သည့် အနေအထား မဟုတ်သည့်အတွက် မည်သို့ လုပ်ဆောင်ရမည်ဆိုသည်ကို မသိသေးကြောင်း ၎င်းက ဆိုသည်။

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)မှ ရန်ပုံငွေအချို့ကို ၎င်းတို့ကျောင်းအတွက် လက်ခံရရှိသော်လည်း ကျောင်းစရိတ်အနည်းငယ် ကာမိရုံရှိသည်ဟု ၎င်းက ဆက်ပြောသည်။

**အပူချိန် သုညဒီဂရီအောက် ကျရောက်**

တောင်တန်းဒေသတွင် ရှိသည့် ကျောင်းများမှာ အပူပေးရန်အတွက် ဒီဇယ်ဝယ်ယူရန် မတတ်နိုင်ခြင်းကြောင့် အပူချိန် သုညဒီဂရီအောက် ကျရောက်သဖြင့် ယခုနှစ်အတွင်း အရိုးခိုက်အောင် အေးသည့် ဒဏ်ကို ခံစားရသည်ဟု လွှတ်တော်ပညာရေး ကော်မတီအကြီးအကဲဖြစ်သူ ဟက်ဆန်မာရက်ဒ်က ဆိုသည်။

**အကျပ်အတည်းပေါင်း များစွာ ရင်ဆိုင်နေရ**

ပြီးခဲ့သည့် သုံးနှစ်တာကာလကတည်းကစတင်၍ ဆင်းရဲနွမ်းပါးမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါ ရင်ဆိုင်နေရမှု၊ လောင်စာဆီဈေးကြီးမြင့်မှု၊ ကလေးအလုပ်သမားရာခိုင်နှုန်း မြင့်တက်လာမှုစသည့်လူမှုဘဝ အကျပ်အတည်းပေါင်းများစွာ ရင်ဆိုင်နေရမှုတို့ကြောင့် လက်ဘနွန်နိုင်ငံရှိ ကျောင်းနေအရွယ် ကလေး နှစ်သန်း အနက် ခုနစ် သိန်းခန့်မှာ ကျောင်းသို့လုံးဝ လာရောက်နိုင်ခြင်း မရှိတော့ကြောင်း ယူနီဆက်ဖ်၏ အချက်အလက်များက ညွှန်ပြနေသည်။

"လက်ဘနွန်နိုင်ငံမှာရှိတဲ့ ကျောင်းနေအရွယ် ကလေးငယ်အားလုံးဟာ အမှန်တကယ်တော့ ကျောင်းမှာ ရှိနေရမှာပါ။ ဒါပေမယ့် သူတို့ဘဝရှင်သန်နိုင်ဖို့အတွက် လမ်းပေါ်မှာ အလုပ်လုပ်နေကြရတာကြောင့် ကျောင်းမတက်နိုင်ကြတော့တာပါ" လက်ဘနွန်နိုင်ငံဆိုင်ရာ ယူနီဆက်ဖ် ကိုယ်စားလှယ် အက်တီဟာစ်ဂင်က ဆိုသည်။

**ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးမှာ အလုပ်လုပ်နေကြရ**

လက်ဘနွန်နိုင်ငံ၏ စီးပွားရေးပျက်ယွင်းမှုသည် လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးအပေါ် သက်ရောက်နေပြီး ကလေးများသည် ယင်း၏ အကျိုးဆက်များကို ခံစားနေကြရကာ အဆိုးဆုံးမှာ ပညာရေးပင်ဖြစ်သည်။ ယူနီဆက်ဖ်၏ အဆိုအရ လက်ဘနွန်နိုင်ငံရှိ မိသားစုများ၏ ၁၅ ရာခိုင်နှုန်းသည် လူမှုနေထိုင်မှုစရိတ်နှင့် လောင်စာဆီ ဈေးကြီးမြင့်မှုကြောင့် ရုန်းကန်နေရသဖြင့် ၎င်းတို့၏ ကလေးများကို ကျောင်းဆက်မထားနိုင်တော့သည့် အနေအထား ကို ရင်ဆိုင်နေကြရပြီး ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးမှာ အလုပ်လုပ်နေကြရသည်။

မိဘများကလည်း သားသမီးများ ကျောင်းတက်နိုင်ရန်အတွက် လောင်စာဆီထောက်ပံ့ပေးနိုင်ရေး ရုန်းကန်နေရပြီး ကျောင်းများတွင်လည်း အဆောက်အအုံ အပူပေးစနစ်နှင့် မီတာခအတွက် ငွေကြေးများစွာကို အသုံးပြုနေရသည်။ ထို့ကြောင့် ယခုစာသင်နှစ်တွင်လည်း လောင်စာဆီသည် အရေးပါသော စိန်ခေါ်မှုတစ်ခုအဖြစ် ဆက်လက်ရင်ဆိုင်ရဖွယ်ရှိသည်။

**နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်**

ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) သည် ပညာရေးနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးဌာနနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများစုပေါင်းကာ ကျောင်းများ ဖွင့်လှစ်နိုင်စေရန်အတွက် လုံလောက်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ဟု ယူနီဆက်ဖ်က ပြောကြားသည်။

**အဆိုးရွားဆုံး စီးပွားရေးကျဆင်း**

လက်ဘနွန်နိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သည့် သမ္မတ မိုက်ကယ်အောင်း၏ လက်ထက်မှ စတင်ကာ ပြင်းထန်သော ဘဏ္ဍာရေးအကျပ်အတည်းများကြောင့် ကမ္ဘာ့သမိုင်းမှတ်တမ်းတစ်လျှောက်တွင် အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှု ကပ်ဘေးကို ရင်ဆိုင်ခဲ့ရသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိသွားခဲ့ကြောင်း ကမ္ဘာ့ဘဏ်၏ အချက်အလက်များကဆိုသည်။ လက်ဘနွန်နိုင်ငံသမ္မတ အောင်းသည်လာမည့် ရက်သတ္တပတ်အတွင်း သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ၎င်း၏ သမ္မတသက်တမ်းကုန်ဆုံးချိန်တွင် လက်ဘနွန်နိုင်ငံအတွက် ဘက်ပေါင်းစုံ အကျပ်အတည်းများကို ပိုမိုနက်ရှိုင်းလာစေမည့် အလားအလာများနှင့်လည်း ရင်ဆိုင်နေရသည်။

**ကိုးကား - ဆင်ဟွာ**
**အင်န်အိတ်ချ်ကေ**

❑ အပူပေးဝန်ဆောင်မှုဖြင့် ဒီဇယ်ဈေး ၂၀ လီတာလျှင် အမေရိကန်ဒေါ်လာ ၂၆ ဒေါ်လာအထိ တိုးမြှင့်ပေးဆောင်ရသဖြင့် တောင်တန်းဒေသများရှိ ကျောင်းများ၏ စာသင်ခန်းများတွင် အပူပေးစက်လည်ပတ်နိုင်ရန်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်ဟု လက်ဘနွန်နိုင်ငံတောင်ပိုင်း ဟာဘာယာမြို့ရှိ မီမားစ်အစိုးရအလယ်တန်းကျောင်းမှ ဒါရိုက်တာဖြစ်သူ ဂျီဟန်အယ်ခါတက်ဘ်က ပြောသည်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၀ တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦး ရှိ

(၂၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၁၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၅၁,၂၀၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၀,၉၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၄,၇၀၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၇၈) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေ များကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ် ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများ တွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေ ထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေး လျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး များနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါ သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၅** တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသ ကြီး ရန်ကင်းမြို့နယ်နှင့် တာမွေ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၉ ဦး၊ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၅ ဦး၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၅၇၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၉၂ ဦး တို့ကို တပ်မတော်မှဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာန ချုပ် အသီးသီးမှ တာဝန်ရှိသူများ က အခမဲ့ ပေးဝေလှူဒါန်းလျက်ရှိ ရာ ယနေ့တွင် တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံ မြို့တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ် များနှင့် လူစည်ကားရာ နေရာများ တွင် နယ်မြေခံ တပ်မတော်သား များက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ ပရဟိတ အဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံ ပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၂ ဒသမ ၂၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်း များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ် ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက် များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားပါကြောင်း သိရသည်။ **သတင်းစဉ်**

❖ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ

**မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သော သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ပထမအပတ်တွင် ကျင်းပရန် စီစဉ်နေကြလေပြီ။**

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

နှစ်စဉ်ကျရောက်လေ့ရှိသော နတ်တော်လဆန်း ၁ ရက်နေ့ကို **"စာဆိုတော်နေ့"** အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့ရာ ယခု ၁၃၈၄ ခုနှစ်တွင် (၇၈)ကြိမ်မြောက် ခရီးသို့ ရောက်ခဲ့လေပြီ။

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်ကြသော စာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဂုဏ်ပြုအမွှမ်းတင်ခဲ့ကြသည်။ တစ်ခဲနက် နှစ်သက်အားပေးမြှောက်စားခဲ့ကြသည်။

ယနေ့ခေတ်ကာလ ပစ္စက္ခအခါသမယမှာလည်း နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ရောက်တိုင်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အမြင့်ဆုံးစာပေဆုဖြစ်သော **"တစ်သက်တာစာပေဆု"** ပေးအပ်ချီးမြှင့်ပွဲအပြင် **"အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု"** ကိုပါ ပေးအပ်ချီးမြှင့်နေခဲ့ရာ စာပေလောကသား အားလုံးအတွက် မင်္ဂလာအခါတော်နေ့ထူးနေ့မြတ် ဖြစ်နေပါသည်။

**စာဆိုတော်နေ့တွင် စာပေဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြ**

စာဆိုတော်နေ့ဝန်းကျင်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုများအပြင် ဓမ္မစာပေဆုများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အထိမ်းအမှတ်စာပေဆုများ၊ ဂျပန်ရှန်တီကလေးစာပေဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာစာပေလောကသားတို့၏ **"စာဆိုတော်နေ့"** သည် သုတရသစာပေရေးရာ အဖြာဖြာရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ သမ္မတကြီးများ၊ စစ်ဗိုလ်ချုပ်ကြီးများ၊ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်ကြီးများ၊ စွန့်ဦးတီထွင်စွမ်းအားရှင်ကြီးများဖြစ်နိုင်ကြသော်လည်း စာရေးဆရာစစ်စစ်၊ သတင်းစာဆရာစစ်စစ်၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ်ဖြစ်နိုင်ခြေကား အလွန်ပင်ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီးငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ် အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာ မော်ကွန်းတင်ရာ **"စာဆိုတော်နေ့"** ကိုကားစာပေပညာရှင်စစ်စစ် စာပေလောကသားတိုင်းက ချစ်ခင်နှစ်သက်၊ စွဲမက်အားထား လေးစားဂုဏ်ပြုနေကြပါသည်။

ဤသည်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက မမေ့မလျော့သောအသိ၊ သတိဖြင့် စာပေတာဝန်များကို ကျေပွန်စွာ ထမ်းရွက်ခဲ့ကြသော **"နှလုံးရည်တပ်သားသူရဲကောင်း သက်ကြီးစာပေပညာရှင်ကြီးများ"**ကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် (၃၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် (၃၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကျင်းပခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်ကြောင့် မလွှဲရှောင်သာဘဲ နှစ်နှစ်ရပ်နားနေခဲ့ရပါသည်။

ပထမအကြိမ် စတင်ပူဇော်ကန်တော့ခဲ့သည့် အဖွဲ့က **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်ပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ ဦးဆောင်သူ၊ ရှေးဦးပြုစုပျိုးထောင်သူမှာ **"ဆရာကြီးမင်းသုဝဏ်"** ဖြစ်ပါသည်။ ဆရာကြီးဦးဝန် (မင်းသုဝဏ်) ဥက္ကဋ္ဌ၊ ဦးထင်ကြီး (တက္ကသိုလ် ထင်ကြီး) အတွင်းရေးမှူးအဖြစ်ပါဝင်သော **"စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ"** သည် ၁-၁၂-၁၉၆၆ ရက်နေ့မှ ၃၁-၅-၁၉၇၆ ရက်အထိ ၁၀ နှစ်ကျော် လှုပ်ရှားကြိုးစားခဲ့ကြပါသည်။ ထို့နောက် **"စာပေလုပ်သား အဖွဲ့စည်းရုံးရေးကော်မတီ"**ကို ၁-၆-၁၉၇၆ ရက်တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့"** ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်းတွင် **"စာပေလုပ်သားအဖွဲ့"** အစား **"စာပေနှင့် စာနယ်ဇင်းအဖွဲ့"** ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ခေတ်စနစ်နှင့်အညီ ၂၀၁၂ ခုနှစ်တွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း"** အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

ပြောင်းလဲဖွဲ့စည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်ဆည်းခဲ့ကြပြီးမှ အမည်နာမပြောင်းလဲသတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ တကယ်တော့ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အစမြစ်ဖျားခံရာသည် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **"ဆရာကြီးမင်းသုဝဏ်ပျိုးထောင်ပေးခဲ့သော စာပေလုပ်သားအဖွဲ့ကြီး၏ မျိုးဆက်သစ် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"**၏သက်တမ်းမှာ (၅၆)နှစ်ခန့် သက်တမ်းရှည်ကြာခဲ့လေပြီ။

**စိန်ရတုခရီးကို ကျော်လွန်လာခဲ့**

ဤနေရာတွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သက်တမ်း"** ကိုခွဲခြမ်းစိတ်ဖြာဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချို ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သော **"မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"** (ပထမပိုင်း) ၁၉၄၀ မှ ၁၉၆၂ အထိ ၂၂ နှစ်၊ (ဒုတိယပိုင်း) ၁၉၆၆ မှ ၂၀၂၂ အထိ ၅၆ နှစ် စုစုပေါင်း ၇၈ နှစ် သက်တမ်း၊ စိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်အထိ ရှင်သန်ရပ်တည်ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက် ကောင်းမွန်လာခဲ့လေပြီ။

မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး၏ အစဉ်အလာကောင်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက ဆက်လက်ထိန်းကျောင်းသည့်အနေဖြင့် **"အသက် ၈၀ နှင့် ၈၀ နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ"** ကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပနေခဲ့ပါသည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးက ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးစာပေ ပညာရှင်ကြီးများကိုသာ တနိုင်တမပူဇော်ကန်တော့ခဲ့ရာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီးစာပေပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၄၂ | ၁၉၈၀ | ၁၀ ဦး |
| ၂ | ၁၃၄၃ | ၁၉၈၁ | ၁၀ ဦး |
| ၃ | ၁၃၄၄ | ၁၉၈၂ | ၉ ဦး |
| ၄ | ၁၃၄၅ | ၁၉၈၃ | ၉ ဦး |
| ၅ | ၁၃၄၆ | ၁၉၈၄ | ၂၀ ဦး |
| ၆ | ၁၃၄၇ | ၁၉၈၅ | ၂၅ ဦး |
| ၇ | ၁၃၄၈ | ၁၉၈၆ | ၂၇ ဦး |
| ၈ | ၁၃၄၉ | ၁၉၈၇ | ၂၅ ဦး |

ထိုသို့ပူဇော်ကန်တော့နေခဲ့ရာမှ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် ရပ်တန့်သွားခဲ့ရပါသည်။ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးကိုလည်း ခေတ်စနစ်နှင့်လျော်ညီစွာ **"မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး"** အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရပါသည်။ ထို့ကြောင့် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ခြောက်နှစ်တိတိ မကျင်းပနိုင်ခဲ့တော့ဘဲ စာပေလုပ်သားများကို စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအဖြစ်သို့ ပြန်လည်စုစည်းရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ကြရပါသည်။

**သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့နိုင်ခဲ့**

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းကာစ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ပူဇော်ကန်တော့နိုင်ခဲ့ပါသည်။

၁၉၉၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးရှိ အဖွဲ့ဝင် သက်ကြီးစာပေပညာရှင်ကြီးများနှင့် ထင်ရှားကျော်ကြားသော သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ခဲ့ရာ ယနေ့အထိ နှစ်စဉ်မပျက် ဆက်တိုက်ဦးခိုက်လျက်ပင်ရှိပါသည်။

**ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၅၀ ခန့် ရှိ**

သက်ကြီးပူဇော်ပွဲစတင်ကာစက ၁၀ ဦးသာ ရှိခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာခဲ့ရာ ၁၉၉၉ခုနှစ်တွင် ၁၀၈ ဦးအထိ ရှိလာခဲ့ပါသည်။ နှစ်စဉ် ၂၀ ကျော် တိုးပွားလာခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ၃၀ ကျော်အထိ တိုးပွားလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ ၂၀၀ အထိ ရှိလာပါသည်။ ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများထဲမှ နှစ်စဉ် ၂၀ ခန့် ကွယ်လွန်သွားကြသော်လည်း အသက် ၈၀ ထဲ ဝင်ရောက်လာကြသူများက ၂၀ ကျော်ရှိနေခဲ့ရာ တစ်နှစ်ထက်တစ်နှစ်အရေအတွက်များလာမှာ သေချာနေပါသည်။ ၂၀၁၆ ခုနှစ်က ၁၈ ဦး ကွယ်လွန်သွားခဲ့ကြပြီး ၃၄ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ၁၃ ဦး ကွယ်လွန်သွားခဲ့ပြီး ၂၇ ဦး တိုးလာခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် ၂၄ ဦး ကွယ်လွန်ခဲ့ကြပြီး ၅၃ ဦး တိုးလာခဲ့ရာ သက်ကြီးကန်တော့ခံ ၂၄၅ ဦးအထိ ရှိလာခဲ့ပါသည်။

၂၀၁၉ ခုနှစ်တွင် ၁၃ ဦးကွယ်လွန်သွားခဲ့ကြပြီး ၄၆ ဦး တိုးလာခဲ့ရာ ကန်တော့ခံစာပေပညာရှင်ကြီး ၂၇၆ ဦးအထိ ရှိလာခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်းတွင် ကန်တော့ခံစာပေပညာရှင်ကြီး ၉၄ ဦး ကွယ်လွန်သွားခဲ့ကြပါသည်။ ယခု၂၀၂၂ ခုနှစ်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၅၀ ခန့် ရှိနေပါသည်။

စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ နှစ်စဉ်မပျက်၊ သက်ကြီးပူဇော်ပွဲကျင်းပခဲ့ကြသည်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| အကြိမ် | မြန်မာသက္ကရာဇ် | ကမ္ဘာသုံးနှစ် | ကန်တော့ခံသက်ကြီးပညာရှင်ဦးရေ |
|---|---|---|---|
| ၁ | ၁၃၅၆ | ၁၉၉၄ | ၃၆ - ရန်ကုန်တိုင်း |
| ၂ | ၁၃၅၇ | ၁၉၉၅ | ၄၂ - ရန်ကုန်တိုင်း |
| ၃ | ၁၃၅၈ | ၁၉၉၆ | ၆၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၄ | ၁၃၅၉ | ၁၉၉၇ | ၈၂ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၅ | ၁၃၆၀ | ၁၉၉၈ | ၉၅ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၆ | ၁၃၆၁ | ၁၉၉၉ | ၁၀၈ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၇ | ၁၃၆၂ | ၂၀၀၀ | ၁၁၈ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၈ | ၁၃၆၃ | ၂၀၀၁ | ၁၂၇ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၉ | ၁၃၆၄ | ၂၀၀၂ | ၁၂၂ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၀ | ၁၃၆၅ | ၂၀၀၃ | ၁၁၉ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၁ | ၁၃၆၆ | ၂၀၀၄ | ၁၁၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၂ | ၁၃၆၇ | ၂၀၀၅ | ၁၀၇ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၃ | ၁၃၆၈ | ၂၀၀၆ | ၁၁၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၄ | ၁၃၆၉ | ၂၀၀၇ | ၁၂၀ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၅ | ၁၃၇၀ | ၂၀၀၈ | ၁၃၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၆ | ၁၃၇၁ | ၂၀၀၉ | ၁၃၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၇ | ၁၃၇၂ | ၂၀၁၀ | ၁၃၅ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၈ | ၁၃၇၃ | ၂၀၁၁ | ၁၆၂ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၁၉ | ၁၃၇၄ | ၂၀၁၂ | ၁၆၉ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၀ | ၁၃၇၅ | ၂၀၁၃ | ၁၇၁ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၁ | ၁၃၇၆ | ၂၀၁၄ | ၁၈၀ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၂ | ၁၃၇၇ | ၂၀၁၅ | ၁၈၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၃ | ၁၃၇၈ | ၂၀၁၆ | ၂၀၀ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၄ | ၁၃၇၉ | ၂၀၁၇ | ၂၁၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၅ | ၁၃၈၀ | ၂၀၁၈ | ၂၄၅ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၆ | ၁၃၈၁ | ၂၀၁၉ | ၂၇၆ - (နှစ်စဉ်တစ်ပြည်လုံး) |
| ၂၇ | ၁၃၈၄ | ၂၀၂၂ | |

မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပူဇော်ကန်တော့ခဲ့ပြီး ၁၃၇၄ခုနှစ် ၂၀၁၂ ခုနှစ်မှစတင်၍ ယခုနှစ်အထိ မြန်မာနိုင်ငံစာရေးဆရာအသင်းက စဉ်ဆက်မပြတ် ဆက်လက်၍ ပူဇော်ကန်တော့ခဲ့ပါသည်။ စာပေလုပ်သားအဖွဲ့ကြီးက (၈)ကြိမ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက (၁၈)ကြိမ်၊ စာရေးဆရာအသင်းကြီးက ယခုနှစ်အပါအဝင် (၉)ကြိမ်၊ စုစုပေါင်း (၃၅)ကြိမ်ရှိပေတော့မည်။ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းဟူ၍ အဖွဲ့အစည်းအမည်များကို ခေတ်စနစ်အခြေအနေအရ

*စာမျက်နှာ ၁၇ သို့*

- ❍ **စာဆိုတော်နေ့ဝန်းကျင်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြုတေစာပေဆုများအပြင် ဓမ္မစာပေဆုများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အထိမ်းအမှတ်စာပေဆုများ၊ ဂျပန်ရှန်တီကလေးစာပေဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြ**
- ❍ **မြန်မာစာပေလောကသားတို့၏ "စာဆိုတော်နေ့" သည် သုတရသစာပေရေးရာ အဖြာဖြာရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်**

## စလင်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များ၌ ကွန်ကရစ်လမ်းခင်းခြင်း အဆင့်မြှင့်တင်ဆောင်ရွက်



**စလင်း အောက်တိုဘာ ၂၅**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မြို့နယ်အတွင်းရှိရပ်ကွက်များတွင် မြေနီကျောက်စရစ်လမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၂၄ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များအတွင်း မြေနီကျောက်စရစ်လမ်းများမှ ကွန်ကရစ်လမ်းများအဖြစ်သို့ ပြုပြင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာ ၂၂ ရက်မှစတင်၍ မြေနီကျောက်စရစ်လမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပေါင်းနားရပ်ကွက် စစ်မှုထမ်းဟောင်းရုံးရှေ့မှ ရွှေလင်းယုန်ဆန်စက်အထိ ကွန်ကရစ်လမ်းအရှည် အလျား ၈၆၃ ပေ၊ အကျယ် ၁၂ ပေ၊ ထုအမြင့် ခြောက်လက်မ၊ ခွင့်ပြုငွေကျပ် ၁၈ သန်း၊ စျေးမရပ်ကွက်အရှေ့မြို့ရိုးလမ်းကွန်ကရစ် လမ်းအရှည် ၆၉၆ ပေ၊ အကျယ် ၁၂ ပေ၊ ထု အမြင့် ခြောက်လက်မ၊ ခွင့်ပြုငွေကျပ်သန်း ၁၄ ဒသမ ၄၀၀၊ မြင်တင်ရပ်ကွက်ရွှေမြင်တင် ကျောင်းလမ်းကွန်ကရစ်လမ်းအရှည်အလျား ၈၆၃ ပေ၊ အကျယ် ၁၂ ပေ၊ ထုအမြင့် ခြောက်လက်မ၊ ခွင့်ပြုငွေကျပ် ၁၈ သန်းကို တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ပြည်သူအများ ရာသီမရွေးသွားလာအဆင်ပြေနိုင်စေရန် အရည်အသွေးပြည့်မီရေး၊ ရေရှည်တည်တံ့ ခိုင်မြဲစေရေးတို့အတွက် ဆောင်ရွက်နေမှု အခြေအနေများကို အချိန်မီပြီးစီးနိုင်ရန် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သောလမ်းများကို စံချိန်စံညွှန်းပြည့်ဝစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်၊ စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် စည်ပင်သာယာကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။

**မောင်လွင်**
**(စလင်း)**

## တောင်ငူ-လိပ်သို-လွိုင်ကော်-ဟိုပုံး လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**လိပ်သို အောက်တိုဘာ ၂၅**
ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ တောင်ပေါ်ဒေသဖြစ်သော လိပ်သိုမြို့သည် မိုးများသောဒေသဖြစ်၍ မိုးတွင်းကာလတွင် တောင်ကျရေများ ကျဆင်းလာပြီး ရေတိုက်စားမှုများကြောင့် တောင်ငူ-လိပ်သို-လွိုင်ကော်-ဟိုပုံး ပြည်ထောင်စုလမ်း (NH-21) ကရင်ပြည်နယ်အပိုင်း၌ မြေပြိုမှုများ၊ သစ်ပင်ကြီးများ ပြိုလဲကျမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ဖြစ်ပေါ်မှုများကြောင့် လိပ်သိုမြို့ရှိ လမ်းဦးစီးဌာနသည် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာရသော လမ်းပိတ်ဆို့မှုများကဲ့သို့ အရေးပေါ်လုပ်ငန်းများဆောင်ရွက်နေသည့်အပြင် ကရင်ပြည်နယ်အပိုင်းရှိ တောင်ငူ-လိပ်သို ပြည်ထောင်စုလမ်းမကြီး ရေရှည်တည်တံ့ ခိုင်မြဲစွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် လိပ်သိုမြို့ လမ်းဦးစီးဌာနက တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် လမ်းပြုပြင်ထိန်းသိမ်းရေးနှင့် ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်ရအောင် လမ်းဘေးဝဲယာ ချုံနွယ်ပေါင်းပင်များကို ရှင်းလင်းခြင်း၊ ချိုင့်ခွက်များကို ယာယီဖာထေးခြင်း၊ ပဲ့ကျနေသော လမ်းပခုံးများကို ယာယီမြေထိန်းနံရံများ ပြုလုပ်ထိန်းသိမ်းခြင်း၊ ရေစီးရေလာကောင်းမွန်ရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းနယ်သိရှိရန်နှင့် အတားအဆီးသဘောမျိုးအတွက် (Guard Post)မှတ်တိုင်များ စိုက်ထူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်လေးနွယ် (လိပ်သို)**



## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ထူးကဲဒီရေမြင့်တက်ပြီး နေအိမ်များအတွင်းရေဝင်ရောက်

**မောင်တော အောက်တိုဘာ ၂၅**
ရခိုင်ပြည်နယ် မောင်တောမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထူးကဲဒီရေမြင့်တက်ပြီး ရွှေဇားကပ္ပကောင်း ကျေးရွာအုပ်စု ဟိန္ဒူရွာသစ်တွင် အောက်တိုဘာ ၂၄ ရက်က နေအိမ်များအတွင်း ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းအရှိန်ကြောင့် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု ဟိန္ဒူရွာသစ်တွင် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက ထူးကဲဒီရေ နှစ်ပေခန့် မြင့်တက်လာသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များအား ရေလွတ်ရာအမြင့်ပိုင်း အောင်ဗလ၊ အမကကျောင်းသို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် စေတနာ့ဝန်ထမ်းများက ရွှေ့ပြောင်းပေးခဲ့ကြရပြီး ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု ဟိန္ဒူရွာသစ် အိမ်ခြေ ၁၄၈ အိမ်၊ အိမ်ထောင်စု ၁၄၈ စု၊ အမျိုးသား ၄၀၄ ဦး၊ အမျိုးသမီး ၃၇၅ ဦး စုစုပေါင်းလူဦးရေ ၇၈၃ ဦး ရှိကြောင်း သိရသည်။ ထို့အတူ မြေနိမ့်ပိုင်းရှိ ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်အချို့ရှိ နေအိမ်များတွင်လည်း ဒီရေအနည်းငယ် ဝင်ရောက်မှုများ ရှိခဲ့ကြောင်း သိရသည်။

**အောင်ကျော်စိန်၊ သက်လွင်စိုး**
**(ခရိုင်ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*
ပြောင်းလဲလာခဲ့ရသော်လည်း အသွင်သဏ္ဌာန်နှင့် အနှစ်သာရရောရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များပါ အတူတူပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းကအစ စာပေလုပ်သားအဖွဲ့၏ အမွေကို လက်ဆင့်ကမ်းသယ်ယူလာခဲ့ခြင်းဖြစ်သည်။ ဆိုလိုတာက စာပေလုပ်သားအဖွဲ့၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာအသင်းသည် တစ်ဖွဲ့တစ်သင်းတည်းဖြစ်ကြောင်းပင် တည်း။

ယခုနှစ်ကန်တော့ခံကြမည့် သက်ကြီးစာပေပညာရှင်ကြီးများထဲတွင် အသက်အကြီးဆုံးကန်တော့ ခံစာပေပညာရှင်ကြီးမှာ တစ်သက်တာစာပေဆုရ စည်သူဦးလေးမြိုင် (လေးမြိုင်) (၉၈) နှစ်ဖြစ်ပါသည်။ ကန်တော့ခံများထဲမှ အသက်အကြီးဆုံးကန်တော့ခံစာပေပညာရှင်ကြီး ဦးအောင်သူ (သံမဏိမောင်မောင်) (၁၀၃)နှစ်နှင့် စည်သူဗိုလ်ကလေးတင့်အောင်(၁၀၁)နှစ်တို့ ကွယ်လွန်သွားခဲ့ကြပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် သက်ကြီးစာပေပညာရှင်ကြီးများကို အစဉ်အလာမပျက် နှစ်စဉ်ဆက်လက် ပူဇော်ကန်တော့နေရာ၌ အသင်းကြီးမှာ ရန်ပုံငွေ(တစ်နည်းအားဖြင့်)ဘဏ္ဍာငွေတောင့်တင်းနေသောကြောင့် မဟုတ်ပါ။ သက်ကြီးစာပေပညာရှင်ကြီးများသည် နိုင်ငံနှင့် လူမျိုးအကျိုးကို တတ်ကျွမ်းသည့်စာပေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နှလုံးရည်တပ်သားကောင်းများဖြစ်ခဲ့ကြသည့်အပြင်၊ ဂုဏ်နှင့်အသက်အရွယ်အားဖြင့် ကြီးမြတ်သူများအဖြစ် ရည်မျှော်ကော်ရော်ကာ ပူဇော်ကန်တော့နေကြခြင်း ဖြစ်သည်။

စီးပွားရေးအသင်းအဖွဲ့မဟုတ်သောကြောင့် ဘဏ္ဍာငွေအင်အားနည်းနေသည်ဖြစ်ရာ ပူဇော်ကန်တော့ရန်အတွက် ငွေသားအလှူရှင်များနှင့် ပစ္စည်းအလှူရှင်များထံမှ နှစ်စဉ်မေတ္တာရပ်ခံပြီး ဖြည့်ဆည်းကန်တော့နေကြရပါသည်။ နိုင်ငံတော်သမ္မတရုံးအဆင့်မှသည်... ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကစာပေဆုချီးမြှင့်ရေးကော်မတီများ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း၊ သတင်းမီဒီယာကောင်စီ၊ ညီနောင်အသင်းအဖွဲ့များ၊ မြို့နယ်စာရေးဆရာအသင်းများ၊ ကုမ္ပဏီများ၊ စာပေတိုက်များ၊ တစ်ဦးချင်းစေတနာရှင်များ၏ လှူဒါန်းငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့နေခဲ့ရာတွင် စာရေးဆရာအသင်းက လိုအပ်ငွေ လေးပုံတစ်ပုံခန့်ကို နှစ်စဉ်စိုက်ထုတ်သုံးစွဲကုန်ကျနေခဲ့ပါသည်။

စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကိုအခြေခံပြီး စာရေးဆရာအသင်းက ဖြည့်ဆည်းနိုင်သည့်ငွေပမာဏကို တွက်ဆကာ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို ထိုက်သင့်အားလျော်စွာ ကန်တော့နိုင်ရန် စီမံခန့်ခွဲကြရပါသည်။ ထို့ကြောင့် အသက် ၈၀ အထက် အသင်းဝင်တိုင်းကို စေတနာထားကာ ပူဇော်ကန်တော့ချင် ပါသော်လည်း ဝန်နှင့်အားကမမျှသောကြောင့် အားမသန်၍ မာန်လျှော့နေခဲ့ကြရပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းက သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာတွင် **"သက်ကြီးစာပေပညာရှင်ဟူသောစာပေစံ၊ အခြေခံမူများ"** ကို သတ်မှတ်ကာ စာပေအစဉ်အလာ၊ စာပေဝါ၊ သမ္မာ၊ စာပေဂုဏ်သိက္ခာရှိကြသူများကို မူဘောင်နှင့်အညီ စိစစ်ရွေးချယ်ပူဇော် ကန်တော့နေခြင်းဖြစ်ပါသည်။

ထိုသို့ စိစစ်ရွေးချယ် ပူဇော်ကန်တော့ခဲ့ရာတွင် ပါတီစွဲ၊ ဂိုဏ်းစွဲ၊ အဖွဲ့စွဲများနှင့် နိုင်ငံရေးအယူအဆအမျိုးမျိုးကို ဥပေက္ခာပြု လျစ်လျူရှုကာ စာပေလောကသားအားလုံး၏ အကျိုးအတွက် စွမ်းဆောင်နိုင်သမျှအကျိုးပြု ပူဇော်ကန်တော့နေခြင်းဖြစ်ပါသည်။ ဤသည်ကို နှစ်စဉ်ကန်တော့ခံခဲ့ကြရသည့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိစာအုပ်များက ခိုင်မာစွာသက်သေခံနေကြပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက မူဘောင်များနှင့်ညီသူများကို မျက်နှာကြီးငယ်မရွေး အသင်းဝင်မဝင် မခွဲခြားဘဲ တစ်ပြေးညီ ပူဇော်ကန်တော့နေခဲ့သော်လည်း အချို့က ထင်မြင်ယူဆချက်လွဲချော်ကြကာ ကန်တော့ခံလိုခြင်းမရှိကြောင်း သိရသောအခါ စေတနာ-ဝေဒနာဖြစ်ကြရပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ကန်တော့ခံစာပေပညာရှင်ကြီးများစာရင်းကို မြို့နယ်အသင်းများသို့ နှစ်စဉ်တောင်းခံပြုစုခဲ့ရာတွင် **"သက်ကြီးစာပေပညာရှင်ဟူသော စာပေစံအခြေခံမူများ"** နှင့် ကိုက်ညီသူများကိုသာ ပေးပို့ကြရန်နှင့် **"အသင်းဝင်သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့နေခြင်းမဟုတ်ကြောင်း"** အမြဲတမ်းကြိုတင်ရှင်းလင်းနေခဲ့ပါသည်။ သို့သော် သတ်မှတ်စာပေစံအခြေခံမူများနှင့် မကိုက်ညီသဖြင့် ရွေးချယ်ခြင်းမခံရသူ အချို့က တစ်ဖက်သတ် အဆိုးမြင်ပြီး ငြိုငြင်ပြစ်တင်ကြလေ့ရှိပါသည်။ အချို့ကလည်း ကန်တော့ခံအသစ်များကို စိစစ်ရွေးချယ်ပြီးမှ ဆက်သွယ်လာခဲ့ရာ မလွှဲမရှောင်သာဘဲချန်လှပ်ထားခဲ့ရသည်များလည်း ရှိခဲ့ပါသည်။ **"အများအကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏"**ဟူသော လင်္ကာကဲ့သို့ပင် ကိုယ့်လိုဘမပြည့်ရသူများ၏ အမုန်းဒဏ်ကို နှစ်စဉ်ခံနေခဲ့ကြရပါသည်။

**"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မနွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်း ကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"** ဟူသော **"စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီး"** ၏ ဩဝါဒကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်မပျက် ဆက်လက်ပူဇော်ကန်တော့ခဲ့ရာ အောင်မြင်တိုးတက်မှုရှိခဲ့ပြီး (၃၅)ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ယခု(၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ ပထမပတ်ထဲတွင် ရန်ကုန်မြို့တော်ခန်းမ၌ ယခင်နှစ်များသကဲ့သို့ စာပေလောကသားများစုံညီစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၅၀ ခန့်အတွက် ထက်သန်သော စေတနာမွန်ဖြင့် အလှူငွေများနှင့် ကန်တော့ဖွယ်ရာပစ္စည်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ကန်တော့ပွဲအခမ်းအနားသို့ ဝမ်းပန်းတသာ သဒ္ဓါကြည်ညိုစွာဖြင့် တက်ရောက်ကုသိုလ်ယူကြပါရန် ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ယနေ့နံနက်ပိုင်းတွင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ပြုလုပ်ရာ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဩဝါဒါစရိယ စေတိယင်္ဂဏပဝရ သီရိမဟာဓမ္မဂုရု အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သ.စ.အ ဓမ္မာစရိယ (ဝဋ္ဋသကာ)ပါဠိပါရဂူ လှုရတနာ ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ



တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံ... ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ၊ တိပိဋက လင်္ကာရစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှုရတနာ ဆရာတော်ထံမှ ပဋ္ဌာန်းတရားရွတ်ပွားစိတ်ထားနည်းနှင့် အကျိုးတရားများကို နာယူကြသည်။ ယင်းနောက် အလှည့်ကျဆရာတော်က မဟာပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက်အထိ ရွတ်ဖတ် ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သူရိယာရာမ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်ပရိယတ္တိ စာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိ စာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက် **(အပေါ်ပုံ)**နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ရွှေကျောင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ တိပိဋကထိန်လင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာစုကန်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပါရမီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာရှိ ဝမ်စိမ်းရှေးဟောင်းမွေတော်ဘုရားကြီး ဘက်စုံပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ် ဝမ်စိမ်းကျေးရွာရှိ ဝမ်စိမ်းရှေးဟောင်း မွေတော်ဘုရားကြီးအား ဘက်စုံပြန်လည်ပြုပြင်နိုင်ရန်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး ရင်ပြင်တော်၌ ပြုလုပ်ရာ နမ့်လန်မြို့ မဇ္ဈိမာရာမ အလယ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဉာဏောဘာသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝမ်စိမ်းရှေးဟောင်းမွေတော်ဘုရားကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးတို့ဖြင့် ဆက်ကပ် ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဇ္ဈိမာရာမ အလယ်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များအား ဘုရားကြီး ဘက်စုံပြန်လည်ပြုပြင်ရန်အတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) သတင်းစဉ်**

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန် ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံရေး၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော် စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ အောက်တိုဘာ ၂၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းဆတ်မြို့နှင့် မိုင်းတုံမြို့၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နှင့် ငဖဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများ စသည့် စားသောက်ကုန် ပစ္စည်းများကို ပြင်ပ ပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၀-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၁၀** စိုက်ပျိုးမွေးမြူသုတဘဏ်(လယ်ယာကဏ္ဍ တိုးတက်ဖို့စက်ကိရိယာများသုံးကြစို့)
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း (အပိုင်း-၂၂)
**၁၃:၁၀** သီချင်းကြိုးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆိုသည်မှာ** (အပိုင်း-၁၈+၁၉)
**၁၅:၃၀** မျိုးဝင့်ဏ်တင့်စေဆိုကရေးတီးအမွေ
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင်
**၁၇:၃၀** ဒေသဝမ်းစာဖူလုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးရေးဆီ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** (၃၈)ဖြာမင်္ဂလာ 'အသေဝနာစဗာလာနံ'
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း**(အပိုင်း-၃၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၂၀** နိပါတ်တော်လာဇာတ်သဘင်မဟာ 'ဥမ္မာဒန္တီ' ပထမပိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်

**mitv**

**07:02** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:09** Talent Show on a Maze of Xylophones
**07:15** Well-trained Elephants
**07:25** Discovering Tribes: Wa - Their Life and Customs
**08:01** News
**08:27** Asia Updates: A Shot at a better future (P-1)
**08:43** Tahbuhla Dam & Oakkan Chaungtha
**08:54** Paper Flower
**09:01** Awesome Myanma Sculptures
**09:16** Grow Back For Posterity "The Dawn of Development"
**09:28** Artist Life: Designer May Myat Waso
**09:50** A Precious Gift from Waste
**10:01** News
**10:26** Topical Topics (No. 7)
**10:35** Myanmar's Traditions and Culture "Myanmar Pottery"

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒီဇိုင်နာဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဝက်သားနှင့်ပိန်းဥက်ချက်ပြုတ်နည်း
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာခေါင်
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရင်ထဲကလက်မှုပညာ(လှည်းဘီး)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
သဘာဝရဲ့လက်ဆောင်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာဖက်ရှင်ရှိုး (ဂုဏ်ယူမြောက် ကယားအမျိုးသားတို့၏စုပေါင်းအဲ့ဒိပေါ်မီ)
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၄)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၄၅** ကာတာကမ္ဘာ့ဖလား(အပိုင်း-၃)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၈)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ရောဂါဒဏ်ခံနိုင်ရည်ရှိဖို့ စပ်မျိုးခရမ်းချဉ်မျိုးများစိုက်ကြစို့
**၀၆:၄၅** ရတနာတန်းဝင်ရွှေကျွန်းပင်
**၀၇:၀၀** ဈေးကွက်ခိုင်မာဝင်ငွေကောင်းဖို့ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်စို့
**၀၇:၂၀** တိုက်ကြီးဒေသဆင်းသုခအလှ
**၀၈:၂၀** ခေတ်မီအရည်အသွေးကောင်းရောင်းပန်းလှ မြေပဲထောပတ်ပြုလုပ်ပုံ
**၀၉:၄၅** တစ်နိုင်တစ်ပိုင်ငါးနှင့် ဟင်းသီးဟင်းရွက်တွဲဖက်စိုက်ပျိုးမွေးမြူနည်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၈)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အာဆီယံ - တူကီယဲ Talent For Biz အစီအစဉ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Ritz calton ဟိုတယ်၌ ကျင်းပပြုလုပ်သွားမည့် အာဆီယံ-တူကီယဲ Talent For Biz အစီအစဉ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်တွင် ကမ္ဘာတစ်ဝန်းရှိ ဈေးကွက်တွင် ဦးတည်လျက် တူကီယဲကုမ္ပဏီများဖြစ်သည့် Aselsan, Havelsan, Ford,Turkish, Aerospace (TUSAS), Turkish Airli-nes (THY), Turkish Airlines Technology, Turk Telecom, Yunus Emre Institue (YEE), General Directorate of State Airports Authority (DHMI) မှ ၎င်းတို့ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေသွားမည်ဖြစ်သည်။ ထို့ပြင် ထိပ်တန်းမန်နေဂျာများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် တိုက်ရိုက်ပြောဆိုဆွေးနွေးနိုင်မည် ဖြစ်သည့်အပြင် အစီအစဉ်တွင် အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာဆန်းစစ်မှုများ၊ အလုပ်အကိုင် လျှောက်ထားခြင်းများ၊ အလုပ်အင်တာဗျူးများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲ အစီအစဉ်သို့ ပါဝင်တက်ရောက်လိုသည့် မြန်မာလူငယ်များအနေဖြင့် Online မှတစ်ဆင့် ပါဝင်တက်ရောက်နိုင်ပြီး ပါဝင်တက်ရောက်ရန် Talent Gate Website (https://www. talentgate. org/register) တွင် အမည်စာရင်းပေးသွင်း၍ အသေးစိတ်အချက်အလက်များကို https://talent-forbiz.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ တယ်လီဖုန်းနံပါတ် ၀၆၇ - ၃၄၁၃၉၅၀၊ ၀၉-၇၇၇၃၃၃၅၄၅၊ ၀၉ - ၄၂၅၃၂၅၁၃၃ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သတင်းစဉ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အမှတ်(၁)နှင့်(၃)တို့၌ ယနေ့ နံနက် ၇ နာရီနှင့် ညနေ ၃ နာရီခွဲတို့တွင် ကျင်းပရာ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများအဖြစ် မွန်ပြည်နယ်က တနင်္သာရီ တိုင်းဒေသကြီးကို နှစ်ဂိုး- တစ်ဂိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်ကို သုံးဂိုး - ဂိုးမရှိ၊ မကွေးတိုင်းဒေသကြီးက ရန်ကုန်တိုင်းဒေသကြီးကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီခွဲတွင် ကွာတားဖိုင်နယ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ **အားကာမောင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁၀ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၄၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၈၀ ကျပ် | ၂၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၆၅ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၇၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၇၃ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၈၂၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၀ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၃ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၇ . ၃၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၈၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၅၀၀ | ၉၅၀၀ | ၁၀ | ၉၅၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၂၀၈၃ | ၇၁၉၀၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၀၁၁ | ၇၈၈၅၈၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၈၀ | ၄၈၆၀၀၀ |
| AHP | ၅၁၀၀ | ၅၀၀၀ | ၅၀၅ | ၂၅၂၉၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၁၄ မိုင်အနီး ဘုတ်ပြင်း- ကော့သောင်းကားလမ်းဘေးတစ်လျှောက် ပင်မရေသန့်ပို့ပိုက်လိုင်းသွယ်တန်း တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကော့သောင်း အောက်တိုဘာ ၂၅

**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၄ ရက်က ကော့သောင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။**



ဦးစွာ ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ၁၄ မိုင် ကျေးရွာတွင် Good Water (Kawthaung) Co., Ltd. မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကော့သောင်းမြို့အတွင်းသို့ သောက်သုံးရေထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ကော့သောင်းမြို့အနေဖြင့် နွေရာသီတွင်သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လေ့ရှိသဖြင့် မြို့နေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်ပေါ်စေရေး စီမံကိန်းလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရေလှောင်တမံမှ ပင်မရေပိုက်လိုင်းသွယ်တန်းမှု လုပ်ငန်းများ အပါအဝင် မြို့တွင်းသို့ သွယ်တန်းမည့် ရေပိုက်လိုင်းများ အမြန်ဆုံး သွယ်တန်းနိုင်ရေး အကောင်အထည်ဖော်စေလိုပါကြောင်း မှာကြားပြီး ၁၄ မိုင်အနီး ဘုတ်ပြင်း- ကော့သောင်းကားလမ်းဘေးတစ်လျှောက် ပင်မရေသန့်ပို့ ပိုက်လိုင်းသွယ်တန်း တည်ဆောက်နေမှုလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အတွင်းဖြစ်ပေါ်လာမည့် အခက်အခဲများကို တာဝန်ရှိအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ လေးမိုင်ရှိ သုခဘုံစံသာသနာပြုကျောင်းတိုက်တွင် အောင်ဆန်းဆရာတော်ကြီးနှင့် ကျောင်းထိုင်ဆရာတော် ပဋ္ဌာန်းမြားကျောင်းဆရာတော်တို့အား ဖူးမြော်ကြည်ညိုကန်တော့ပြီး လှူဖွယ်ပစ္စည်းနှင့် အလှူငွေများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတားသို့ရောက်ရှိပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်မည့် ကော့သောင်းအပြည်ပြည်ဆိုင်ရာ နယ်စပ်အဝင်/အထွက် ဂိတ်မုခ်ဦးပါ အဆောက်အအုံတည်ဆောက်မည့် အခြေအနေကို ရှင်းလင်းဆောင်တွင် အဆောက်အဦ ဦးစီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာ- ထိုင်းနယ်စပ်ဖြစ်ပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်များ ဝင်ထွက်လည်ပတ်ရာနေရာ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဖြစ်သည့်အတွက် မုခ်ဦးကို မြန်မာမှုအနုပညာလက်ရာများဖြင့် ခံ့ညားထည်ဝါစွာ ဒီဇိုင်းရေးဆွဲ တည်ဆောက်စေလိုကြောင်း၊ ခရီးသွားဧည့်သည်များ နားနေရန်နေရာများ အပါအဝင် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရန်နေရာများပါ စဉ်းစားထည့်သွင်းတည်ဆောက်ကြရန် မှာကြားကာ မုခ်ဦးနှင့် အဆောက်အအုံ တည်ဆောက်မည့်နေရာနှင့် ဆိပ်ခံတံတားအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မုဒုံမြို့နယ် တာပတွန်ကျေးရွာ၌ တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက် တည်ဆောက်နိုင်ရေး ဆွေးနွေးပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် ပြည်တွင်းထုတ်ကုန်များ ပိုမိုအားကောင်းစွာ ထုတ်လုပ်နိုင်ရန်နှင့် ဒေသတွင်းတောင်သူများ စီးပွားရေး အခွင့်အလမ်းများ ကောင်းမွန်စေရန် ရည်ရွယ်၍ မုဒုံမြို့နယ်တွင် တန် ၆၀ ကျ ဆန် ကြိတ်ခွဲစက် တည်ဆောက်နိုင်ရေးအတွက် အောက်တိုဘာ ၂၄ ရက်က မော်လမြိုင်မြို့ရှိ ငွေမိုးဟိုတယ်၌ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အောင်သဇင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ တာဝန်ရှိသူများ၊ ဆန်စက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်သည် စီးပွားရေးအရ အချက်အချာကျသော ပြည်နယ်ဖြစ်ပြီး ကုန်းလမ်းသာမက ရေလမ်းဖြင့်လည်း ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ကြောင်း၊ မိုးစပါး ရာနှုန်းပြည့် ကျော်လွန်စိုက်ပျိုးပြီး နွေစပါး အပါအဝင် အခြားဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဆန်စပါးကိုဒေသအတွင်း စားသုံးမှုဖူလုံသည့်အပြင် အခြားဒေသများနှင့် ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ မိရိုးဖလာ စိုက်ပျိုးခြင်းထက် ခေတ်မီနည်းပညာများကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဆန်ကြိတ် စက်ကြီးများ တည်ထောင်ခြင်းဖြင့် ဆန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးမီ ထုတ်လုပ်ရန်၊ တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် ကာလတိုကာလရှည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် ပြောကြားသည်။ ဆက်လက်၍ အောင်သဇင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက် တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသတွင်း စပါးစိုက်တောင်သူများနှင့် ဆန်စက်လုပ်ငန်းရှင်များ ပူးပေါင်းကာ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ လယ်ယာသုံး စက်ကိရိယာများ အငှားစနစ်ဖြင့် ကူညီထောက်ပံ့မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက တောင်သူများအတွက် လိုအပ်သော သွင်းအားစုများဖြည့်ဆည်းရေး၊ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၊ စိုက်ပျိုးစရိတ်ထုတ်ပေးနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မုဒုံမြို့နယ် တာပတွန်ကျေးရွာ၌ တန် ၆၀ ကျ ဆန်ကြိတ်ခွဲစက် တည်ဆောက်မည့် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သားငယ် (ပြန်/ဆက်)**



# မြန်မာ့လက်မှုအနုပညာ ပုဂံဒေသထွက် ယွန်းထည်ပစ္စည်း အရောင်းအဝယ်ပါးသော်လည်း လုပ်ငန်းရှင်များ လုပ်ကိုင်လျက်ရှိ

**ညောင်ဦး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်မှု အရောင်းအဝယ်ပါးသော်လည်း ယွန်းလုပ်သား၊ ယွန်းအလုပ်သမများ အဆင်ပြေစေရန် ယွန်းလုပ်ငန်းလည်ပတ် လုပ်ကိုင်လျက်ရှိကြောင်း ပုဂံမြို့ ယွန်းလုပ်ငန်းရှင် ဦးကျော်မြင့်ဌေးထံမှ သိရသည်။



ယွန်းထည် လုပ်ငန်းသည် မြန်မာ့လက်မှု အနုပညာဖြစ်ပြီး အင်မတန်အနုစိတ် လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ပြီး ယွန်းပစ္စည်းအမျိုးပေါင်း တစ်ရာကျော်ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များ အများဆုံးပြုလုပ်သည့် ယွန်းလက်ဖက်အစ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံး ပြုလုပ်ကြကြောင်း သိရပြီး ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ် နှောင်းပိုင်းအထိ မြန်မာလူမျိုးများ ယွန်းထည် အမျိုးမျိုးသာ အသုံးပြုခဲ့ကြကြောင်း၊ ပလို့ ခေါ် ငါးဆင့်ပလို့ ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင် ဘုရားပွဲ၊ တုရင်တောင်ဘုရားပွဲ၊ ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့ ရှင်ပင်စာကြိုလှဘုရားပွဲများတွင် ယွန်းပလို့ (ငါးဆင့်) ပါသော ဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းတော်များကို လောင်းလှူလျက်ရှိကြောင်း သိရသည်။

ယွန်းလုပ်ငန်းသုံး ပစ္စည်းများတွင် မပါမဖြစ် မြန်မာနိုင်ငံအနှံ့အပြားမှ ထွက်ရှိသည့် မဲတင်းခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကိုသုံး၍ ယွန်းထည် အမျိုးမျိုး ပြုလုပ်ကြသော်လည်း မဲတင်းခါးဝါး တစ်မျိုးထဲကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲ အသုံးပြုကြကြောင်း သိရသည်။ ယွန်းထည် ပြုလုပ်ရခြင်း အဆင့်ဆင့်တွင် အချောခံခြင်း၊ စဉ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွေတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သားရိုးချောခြင်း၊ ဓားကောက်ခြစ်ခြင်း၊ နီးသတ်ခြင်း၊ ရက်ထည်တို့ကို အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ ယွန်းထည်ပစ္စည်းများ သုတ်ရန် သစ်စေးဆယ်ပိဿာပုံးတစ်ပုံးကို ငွေကျပ် သုံးသိန်းပေးဝယ်ရကြောင်း သိရသည်။

ယွန်းထည်လုပ်ငန်း လုပ်ကိုင်ကြသည့် ယွန်းလုပ်သားတစ်ဦး တစ်ရက်လျှင် ငွေကျပ် တစ်သောင်းနှင့် ယွန်းကျွမ်းကျင်လုပ်သားတစ်ဦးလျှင် ငွေကျပ် နှစ်သောင်း ရရှိကြကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီးသော်လည်း တစ်နှစ်ကျော်ကြာမှ ရောင်းချရကြောင်း ယွန်းထည်များ ပြုလုပ်ပြီး မြေအောက်ခန်းအတွင်း၌ အလုံပိတ်ထားကာ ယွန်းထည်များ မြေထပ်ပေးထားကာ နောက်ဆုံးအဆင့် ရောင်းချရသည့်အချိန် တစ်နှစ်ကျော်မှ ရောင်းချရကြောင်း ယွန်းလုပ်ငန်းရှင်များက ပြောသည်။ ယွန်းထည်ရောင်းချရမှု နည်းပါးသော်လည်း ယွန်းလုပ်သားများ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် ယွန်းလုပ်ငန်းရှင်တချို့က ယွန်းလုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ငန်းလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **ဝင်းထိန်**

◆*ကျောဖုံးမှ*


အကြမ်းဖက်အဖွဲ့များ၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသဖြင့် ခင်ပွန်း၊ မိဘများနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သည်။ ထိုသို့ အဆက်သွယ် ပြတ်တောက်မှုကြောင့် အရာရှိဖြစ်သူအနေဖြင့် သက်ဆိုင်ရာ အထက်ဌာနသို့ တင်ပြခဲ့ရာ နယ်မြေအတွင်း အမာခံ သတင်းပေးများဖြင့် နယ်မြေသတင်းများကို စနစ်တကျ စုဆောင်းဖော်ထုတ်ခဲ့စဉ် နောက်ဆုံး ဆက်သွယ်မှုရရှိသည့် ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်နှင့် ရွှေလှန်ကျေးရွာတစ်ဝိုက်တွင် ဖမ်းဆီးချုပ်နှောင်ထားနိုင်ကြောင်း သုံးသပ်ပြီး အောက်တိုဘာလ ၁၉ ရက်နှင့်၂၀ ရက်တွင် ကွန်မန်ဒိုတပ်ဖွဲ့ဖြင့် ရင်ပေါင်တိုင်နှင့် ရွှေလှန်ကျေးရွာတစ်ဝိုက်တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုစခန်းအပါအဝင် အလောင်းနှင့် လက်နက်ခဲယမ်းအချို့သာ သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးခံထားသူများ၏ သဲလွန်စများရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။

**အန္တရာယ်ကင်းစွာကယ်တင်နိုင်**

ဆက်လက်၍ ဖမ်းဆီးခံရသူများ ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေအတွင်းရှိ အမာခံသတင်းပေးများဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ ဖမ်းဆီးခံရသူများ ချုပ်နှောင်ထားသည့် အကြမ်းဖက်စခန်း၏ တည်နေရာ ထပ်မံဖော်ထုတ် ရရှိသဖြင့် ကွန်မန်ဒိုအဖွဲ့ဖြင့် ထပ်မံစီးနင်းခဲ့ရာ အောက်တိုဘာလ ၁၂ ရက်တွင် ဖမ်းဆီးခံရသည့် အရာရှိဇနီးအပါအဝင် ၎င်းတို့ ဖမ်းဆီး ချုပ်နှောင်ထားသည့် အပြစ်မဲ့ အမျိုးသမီး ခုနစ်ဦး၊ ကလေးငယ်လေးဦး၊ အမျိုးသား ၁၅ ဦးအား အန္တရာယ်ကင်းစွာ ကယ်တင်နိုင်ခဲ့သည်။ ပြန်လည်ကယ်တင်နိုင်ခဲ့သူများတွင် ခရီးသွားစဉ် ဖမ်းဆီးခံရသည့် အပြစ်မဲ့ပြည်သူများ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နှင့် ၂၂ ရက်တို့တွင် ဇီးဖြူကုန်းကျေးရွာ အိမ်ခြေတစ်ရာကျော်အား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် တောအတွင်း ထွက်ပြေးနေစဉ် ဖမ်းဆီးခံရသူများ၊ တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်အချို့၊ အသက် ၂ နှစ်အရွယ်နှင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ် နှစ်ဦးတို့ပါဝင်ပြီး အချို့သည် ခုနစ်လမှ တစ်နှစ်နီးပါးခန့် ဖမ်းဆီးချုပ်နှောင်ခံထားရသူများ ဖြစ်ကြောင်း သိရသည်။

**ဆေးကုသမှုများ ဆောင်ရွက်ပေး**

ထိုသို့ ကယ်ထုတ်ရာတွင် ကွန်မန်ဒိုတပ်ဖွဲ့နှင့် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများဖြင့် ထိတွေ့တိုက်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်အဖွဲ့များ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်သို့ ထွက်ပြေးသွားခဲ့ကာ ၎င်းတို့ထံမှ အကြမ်းဖက်သမားအလောင်း အချို့နှင့် လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။ ၎င်းတို့ ဆုတ်ခွာထွက်ပြေးစဉ် ဖမ်းဆီးထားသူများ ထားရှိရာ အဆောက်အဦအား ဖောက်ခွဲ ဖျက်ဆီးခဲ့ခြင်းကြောင့် ဖမ်းဆီးခံရသူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။




NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့မှု ဖြစ်စဉ်ပြပုံ။

**ထိရောက်စွာအရေးယူ**

အပြစ်မဲ့ အမျိုးသမီးများနှင့် ကလေးသူငယ်များကို အတင်းချုပ်နှောင် ဖမ်းဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကျပ်ကိုင် ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု ( Counter-terrorism Action ) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လုပ်ရှားမှုသတင်းများ ရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားရန် အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားအနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ထားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောင်းမွန်စွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။



❖ *ကျောဖုံးမှ*

ထီရယ်လ်ထန်သည် ဘင်တန်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ပါကာတီနှင့် ထိုးသတ်ရမည်ဖြစ်သည်။

ထီရယ်လ်ထန်သည် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး စိန်ခေါ်ပွဲ ငါးပွဲထိုးသတ်ထားရာ သုံးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးထိုးသတ်သည့်ပွဲတွင် တားမြစ်ထားသည့်နေရာကို ထိုးသတ်မိသဖြင့် ပွဲမပြီးမီ ရပ်နားခဲ့ရသည်။

ထီရယ်လ်ထန်နှင့် ထိုးသတ်ရမည့် ပါကာတီသည် ၎င်းထက်ပြိုင်ပွဲအတွေ့အကြုံများသူ ဖြစ်သည်။

ရဲရင့်လွင်
ဓာတ်ပုံ- ထီရယ်လ်ထန်
Facebook

## ကျုံပျော်၌ ဆောင်းရာသီ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း တောင်သူပညာပေး ဆွေးနွေးပွဲကျင်းပ

**ကျုံပျော် အောက်တိုဘာ ၂၅**

တောင်သူများ၏ အကျိုးစီးပွားပိုမိုဖြစ်ထွန်းရန်နှင့် ပြည်သူများအတွက် ကျန်းမာရေးကောင်းမွန်သည့် စားသုံးဆီဖူလုံစွာ ရရှိစေရန်အတွက် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်း တောင်သူပညာပေးဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ရောမင်းခန်းမ၌ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကျုံပျော်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းက နိုင်ငံတော်က နေကြာစားသုံးဆီ ဖူလုံရေး ဆောင်ရွက်နေမှုနှင့် တောင်သူများက စိုက်ပျိုးနည်း စနစ်တကျ အောင်မြင်ရေး ကြိုးပမ်းသွားရန်တို့ကို အမှာစကား ပြောကြားသည်။



ထို့နောက် ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက နေကြာစိုက်ပျိုးမှုနှင့် ပတ်သက်၍ အပင်သဘာဝ၊ မြေပြုပြင်ခြင်း၊ ရာသီချိန်မှန် စိုက်ပျိုးခြင်း၊ မျိုးရွေးချယ်ခြင်းနှင့် မျိုးစေ့ထည့်သွင်းခြင်း၊ မြေဩဇာ အချိန်မှန် အချိုးကျ ထည့်သွင်းခြင်း၊ စိုက်ခင်းပြုစုခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်း နည်းပညာများနှင့် အကျိုးတူ လယ်ယာစနစ်ဆောင်ရွက်မှု၏ အကျိုးရလဒ်များကို တောင်သူများ သိရှိစေရန် ပရိုဂျက်တာဖြင့် ပညာပေးဆွေးနွေးကာ သိလိုသည့် မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားသည်။

အဆိုပါ ပညာပေးဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြပြီး ကျုံပျော်မြို့နယ်၌ နေကြာစိုက်ပျိုးရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၂ ခု၌ သီးသန့် (သီးထပ်) ဧက ၈၃၃၀ နှင့် သီးညှပ် ၂၇၇၆ ဧက လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လပြည့်ဦး
(ပြန်/ဆက်)

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၅

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကြိုးကျေးရွာနေ အောင်မင်း(ခ) မြင့်ဌေးသည် ၎င်းအသုံးပြုသည့် “U Aung Min” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ (၂)ရပ်ကွက်နေ ဟန်သိန်း (ခ) ဦးမိုးသည် ၎င်းအသုံးပြုသည့် “Han Thein” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်းကျေးရွာနေသူများဖြစ်သည့် ဇော်မင်းဦး (ခ) အာဒန်နှင့် ခင်လတ်ထွေး တို့နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Zaw Min Oo” Facebook အကောင့်နှင့် “Lone May Lay” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ဆက်သွယ်ရေးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




**နေပြည်တော် အောက်တိုဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း ပျဉ်းမနားမြို့နယ် လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင် တရားမဝင်သစ်မျိုးစုံ ၈ ဒသမ ၅၃၆၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၈၄၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆက်သွယ်ရေးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ဆပ်ပြာမှုန့် ထုပ် ၃၇၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Nissan Diesel Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၄၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် သံလွင်တံတား(ဘားအံ) စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမှ သထုံသို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဘီယာ ဖာ ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကို လည်းကောင်း**(အပေါ်ယာပုံ)**၊ အောက်တိုဘာ ၂၅ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်တာယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့များက တောင်ငူခရိုင် ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၃၄ ဒသမ ၅၈၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၄၈၃၀၂)ကို သစ်တောဥပဒေအရ လည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က မုန်းမြို့နယ်အတွင်း Honda CR–V အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၄၈၃၀၂ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၃၈၄၆၄၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကွမ်းလုံ နှင့် လားရှိုးမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ကွမ်းလုံမြို့နယ် ဟိုက်ကမ်းပါးကျေးရွာရှိ လီခိုင်ဖူး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

အလားတူ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ အမှတ် ၁၀ ရပ်ကွက်ရှိ အိုက်ယန်ငွားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးမြို့နယ် ချေးငွေအကြံပေးအဖွဲ့များနှင့် အချိန်စေ့လွှန်ချေးငွေများ ပြန်လည်ရရှိရေးအတွက် ညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လယ်ဝေးမြို့နယ် ချေးငွေအကြံပေး အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး လက်ထောက် အထွေထွေမန်နေဂျာ ဦးခင်မောင်စိုး က ချေးငွေများ စဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရေး၊ အချိန်စေ့လွှန် ချေးငွေများ ပြန်လည်ရရှိရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အချိန်စေ့လွှန်ချေးငွေများ ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတင်ပြခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ မန်နေဂျာ ဒေါ်စမ်းမူယာအောင် က လယ်ဝေးခရိုင်ဘဏ်ခွဲ၏ စိုက်ပျိုးစရိတ်ချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာကြသည့် မြို့နယ်ချေးငွေ အကြံပေးအဖွဲ့များက ဖြည့်စွက်အကြံပေး ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အထွေထွေမန်နေဂျာသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများသို့ သွားရောက်၍ ဘဏ်ခွဲဝန်ထမ်းများနှင့် တွေ့ဆုံကြောင်း သိရသည်။

**သတင်းစဉ်**






# (၃၃)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံ မူလဆရာကြီးများအား ပူဇော်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

(၃၃)ကြိမ်မြောက် တိုင်းရင်းဆေးသိပ္ပံမှ မူလဆရာကြီးများ ပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ်၌ပြုလုပ်ရာ ပင့်သံဃာတော်ငါးပါး ကြွရောက်တော်မူကြပြီး တက်ရောက်လာကြသော ကန်တော့ခံဆရာကြီးများ၊ ဒုတိယပါမောက္ခချုပ် – သင်ကြား(ငြိမ်း)များ၊ အငြိမ်းစား – ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ ပါမောက္ခ/ဌာနမှူး (သင်ကြား)ပါမောက္ခ ဒေါက်တာ ဌေးလွင်နှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ မန္တလေးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး (ငြိမ်း) ဦးစန်းလွင်၊ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးကျောင်းအုပ်ကြီး(ငြိမ်း) ဦးသံချောင်းနှင့် ဖိတ်ကြားထားသူများက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကွယ်လွန်ခဲ့ကြသည့် တိုင်းရင်းဆေး မူလဆရာကြီးများဖြစ်သော ဦးဟန်ထွန်း၊ ဦးညဏ်ထွန်း၊ ဦးအောင်လင်း၊ ဦးကျော်စိန်၊ ဦးအောင်မြင့်၊ ဦးသန်းမောင်၊ ဦးလှိုင်အောင်တို့အား ရည်စူးကာ ဆရာတော်၊ သံဃာတော်များအား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်၊ သံဃာတော်များက ချီးမြှင့်တော်မူသော အန္တရာယ်ကင်းပရိတ် တရားတော်များကို နာယူကြည်ညိုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အာစရိယပူဇော်ပွဲကိုကျင်းပရာ တက်ရောက်သူများမှ ပူဇော်ခံဆရာကြီးများဖြစ်ကြသော ဆရာကြီးဒေါက်တာအောင်နိုင်၊ ဆရာကြီးဦးစိန်ရွှေ၊ ဆရာကြီးဦးမြင့်လွင်တို့အား ကန်တော့ချီးဖြင့် ဦးချပူဇော်ကန်တော့၍ ကန်တော့ပွဲ၊ ကန်တော့ပစ္စည်းတို့ဖြင့် ဂါရဝပြုပေးအပ်ကြပြီး ကန်တော့ခံဆရာကြီးများက ဆုပေးစကားနှင့်သြဝါဒစကားများ ပြန်လည်ချီးမြှင့်ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**



# တိုင်းရင်းဆေးဆရာများ၏ ဆေးကုသမှုစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သော တိုင်းရင်း ဆေးဆရာများ၏ ဆေးကုသမှု စွမ်းဆောင်ရည် မြင့်မားရေး မွမ်းမံသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံ တိုင်းရင်း ဆေးဆရာအသင်း (ဗဟို) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟို ဥက္ကဋ္ဌ ဆရာကြီးဦးစိုးဝင်းက သင်တန်း ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေး ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းညွန့်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအဖွဲ့ ဗဟိုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ)နှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှ ဒေါက်တာရီရီချို့နှင့် အဖွဲ့ဝင်များ၊ သင်တန်းပို့ချသူ တိုင်းရင်းဆေး တက္ကသိုလ်မှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းကြီးကြပ် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။



ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းပြီး ဒုတိယအကြိမ် ဖွင့်လှစ်သည့် သင်တန်းဖြစ်ပြီး သင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ တိုင်းရင်းဆေး ဆရာ၊ ဆရာမများ တက်ရောက်ကြောင်း သိရသည်။

**ထွန်းထွန်း**

# လပွတ္တာမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၅)သင်တန်းဖွင့်

**လပွတ္တာ အောက်တိုဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန လပွတ္တာမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်၍ ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်း ခေတ်မီဒီဇိုင်း လက်ရာများကို ကြည့်ရှုခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**လပွတ္တာခရိုင် (ပြန်/ဆက်)**




# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၄၄ ဆူ | ၂၇၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၃ တိုင် | ၇ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၆ ခု | ၅၃၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၁ ကျင်း | ၂၀၅၈. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၀ ကျင်း | ၅၈၉၀. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၁၁ ကျင်း | ၁၆၀၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၇၂ စုံ | ၃၂၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

**တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများ E-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ Online မှ အခွန်ပေးဆောင်နိုင်ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၇၅) ရုံးအား ထပ်မံတိုးချဲ့ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စေရန်ရည်ရွယ်၍ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများမှ ကုမ္ပဏီအခွန်ထမ်းများ၏ အခွန်ပေးဆောင်ခြင်းကို အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ယက်စနစ် CBM-NET မှတစ်ဆင့်လည်းကောင်း၊ MPU E-Commerce ကိုအသုံးပြု၍ Online မှ လည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ထို့ပြင် တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် မိုဘိုင်းငွေပေးချေမှုနည်းလမ်း ၊ MPU E-Commerce ကို အသုံးပြု၍ ငွေပေးချေမှုနည်းလမ်းစသည့် အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် အခွန်ပေးဆောင်နိုင်ရန် အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၃။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ် ၁၁၁ ရုံးတို့တွင် အခွန်ထမ်းဆောင်လျက်ရှိသော တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းများအနေဖြင့် E-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ၏ Start Your Tax Online Payment မှတစ်ဆင့် အခွန်ပေးဆောင်ခြင်းဆောင်ရွက်နိုင်ရန် ထပ်မံတိုးချဲ့ဆောင်ရွက် ထားရှိပါသည်။ (အခွန်ပေးဆောင်နိုင်သည့် မြို့နယ်စာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သော www.ird.gov.mm ၏ https://www.ird.gov.mm/my/ird-announcement Link တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်)

၄။ MPU Debit Card ကိုအသုံးပြု၍ အခွန်ပေးသွင်းပြီးပါက စနစ်မှ အခွန်ပေးသွင်းသူထံသို့ Transaction Successful ဖြစ်ကြောင်း E-mail ကနဦးပေးပို့မည်ဖြစ်ပြီး သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား [ပတခ (e-payment)] ကို အခွန်ထမ်းထံသို့ အီလက်ထရောနစ်နည်းဖြင့် ပေးပို့အကြောင်းကြားမည် ဖြစ်ပါသည်။

၅။ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ပေးသွင်းခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ ဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၀၉၂၊ အီလက်ထရောနစ်ဝန်ဆောင်မှု နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေးစင်တာ (e-Services Help Desk Center) ဖုန်းနံပါတ် ၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ (e-Payment Section) ဖုန်းနံပါတ် ၀၁-၈၃၇၉၀၂၁ နှင့် သက်ဆိုင်ရာအခွန်ရုံးများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဖခင်အမည်မှန်

ပြည်မြို့နယ်၊ သဲကုန်းအုပ်စု၊ အထက(ခွဲ)လက်ပံလှ Grade-11 မှ မဖူးဖူးနိုင်၏ ဖခင်အမည်မှန်မှာ ဦးမြသိန်း ၇/ပမန(နိုင်)၁၁၉၇၉၈ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ပြည်မြို့နယ်၊ သဲကုန်းအုပ်စု၊ အထက(ခွဲ) လက်ပံလှ Grade- 11 မှ မောင်ဖွဲ့နိုင်ဦး၏ မိဘအမည်မှန်မှာ ဦးသန်းဆွေ ၇/ပမန(နိုင်) ၂၂၀၇၅၉ နှင့် ဒေါ်ဝိုင်းလေး ၇/ပမန(နိုင်)၂၄၆၉၅၅ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၇၉၉၃ Honda Click 125M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၆/မမန(နိုင်)၂၀၁၈၇၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဟ/၃၂၆၅ Bajaj 200 သုံးဘီး ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်အောင် ၆/ကသန(နိုင်)၀၅၃၇၀၇ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၉၃၃၃၉ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှထွေး ၁၂/သဃက(နိုင်)၀၅၆၁၉၅က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၇-၅-၂၀၁၁ ရက်စွဲဖြင့် တပ်ကြပ်ကြီးနေမျိုး (ဘ)ဦးလှဘော်ဦး ၁၂/ဥကတ(နိုင်)၁၄၅၉၄၁ မှ ကျွန်မ ဒေါ်ယဉ်ဇာဌေး (ဘ)ဦးတင်မောင်ဌေး ၁၂/ဥကတ(နိုင်)၁၄၉၁၆၀ သို့ လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၆၃၄၅/၂၀၁၁ အား ၂၆-၁၀- ၂၀၂၂ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေး ကြေညာလိုက်ပါသည်။

**ဒေါ်ယဉ်ဇာဌေး**
**၁၂/ဥကတ(နိုင်)၁၄၉၁၆၀**
**ဖုန်း-၀၉-၄၀၁၆၇၀၂၀၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၄၃၇၃)၊ အကျယ်အဝန်း(၆၀x၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ မြေကွက်သည် နေပြည်တော်၊ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်သောင်းအမည်ဖြင့် အမည်ပေါက်ထားသည့်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းရွှေ ၉/မမန(နိုင်)၀၀၅၅၅၅က ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှအေး ၉/ဒသသ(နိုင်) ၀၀၁၀၄၇ထံမှ အဆိုပါဝိုင်းခြံမြေနှင့်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနွယ်ထွန်း(စဉ်-၁၇၇၃၅/၂၀၂၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄/၄၁၆)၊ (၄)လမ်း၊ ပေါင်းလောင်းရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၉၆၈၉၁၅၅၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ ဦးမျိုးသင်း ၁၂/ပဇတ(နိုင်)၀၀၉၈၈၄ (ဘ) ဦးသင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၂၉၄၆) ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၀၀၃/၂၀၂၂(၂၇-၇-၂၀၂၂)ဖြင့် မြေကွက် အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်အေးငြိမ်းမိုး ၇/ဒဥန(နိုင်)၁၂၆၈၅၂ (ဘ)ဦးကျော်အေးမှ ဦးအောင်မျိုးစော ၁၂/ကမရ(နိုင်)၀၀၃၆၀၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေ အသုံးပြု၍ ဆေးနှင့်ဆေးပစ္စည်း (၄၅) မျိုးနှင့် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲအတွက် လိုအပ်သော Lab Reagent (၂၈) မျိုးနှင့် Lot (၂)ခုအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender.8 Med&MedSupplies (2nd) (2022-2023) |
| **တင်ဒါစတင်သည့်ရက်** | - | ၂၇-၁၀-၂၀၂၂ ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၉-၁၁-၂၀၂၂ရက် မွန်းတည့် ၁၂နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြည်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၉၆

| | | |
|---|---|---|
| ဒေါ်သိဂီဟန် | နှင့် | ၁။ ဦးဇော်ဇော်ဝင်းမောင် |
| တရားလို | | တရားပြိုင် |

အထက်ပုံစံပါ အမှုမှ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ သံသုမာလမ်းသွယ်၊ အမှတ် B-5 နေ ဦးဇော်ဇော်ဝင်းမောင် ၉/ခအဇ (ဧည့်)၀၀၀၃၂၉ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်သိဂီဟန်က "ခေတ္တချေးယူငွေကျပ်သိန်း ၆၂၀ နှင့် နစ်နာကြေးငွေကျပ် သိန်း(၅၀)၊ စုစုပေါင်း ငွေကျပ် သိန်း ၆၇၀ တိတိရလိုမှု" ကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇေယျာတင့်ညို)**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးအောင်မြတ်ထွန်း၏သား၊ မြစ်ကြီးနားမြို့၊ အထက (၄)၊ ပထမတန်း (B)မှ မောင်ဘုန်းသုခအား မောင်ကောင်းစျာန်သစ်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လွင် ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း ဒသမတန်း(စနစ်သစ်)မှ မရဲ့လီနာ၏ အမည်မှန်မှာ မရီးလီနာဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးရီးဆာရဲ့ ၁/မကန(နိုင်) ၁၄၅၉၅၈ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၃၀၆၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးရဲတင့် ၉/ပမန(နိုင်)၀၁၂၀၅၄ (ဘ)ဦးကုလားမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ် (စလစ်) မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒု-တပ်ကြပ်တင်အောင်ကြည် (ကိုယ်ပိုင်အမှတ်-၄၈၁၅၃၆) (JKI-၀၄၉၇၁၀) (ဘ) ဦးတင်အုံး အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(င)၃၄၇၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးအေးမြင့် ၁၂/ဗဟန (နိုင်)၀၁၅၅၃၆(ဘ)ဦးပါစီ မှတရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒုတက တင်အောင်ကြည်သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
# တည်ဆောက်ရေး(၁)၊လှည်းကူးမြို့
# တင်ဒါအမှတ်စဉ်(၄/၂၀၂၂-၂၀၂၃)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လှည်းကူးမြို့၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖြူးချောင်း ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီများ ဝယ်ယူလိုပါသဖြင့် ရောင်းချပေးသွင်းလိုသူများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၂၆-၁၀-၂၀၂၂ရက် မှ ၈-၁၁-၂၀၂၂ရက်အထိ |
| ၂။ | **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** | - | ၉-၁၁-၂၀၂၂ရက် ညနေ ၄နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၁၁-၁၁-၂၀၂၂ရက် နံနက် ၁၀နာရီ |
| ၄။ | **တင်ဒါပုံစံရယူနိုင်မည့်နေရာ** | - | ငွေစာရင်းဌာနစိတ်၊ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁)၊ လှည်းကူးမြို့ |
| ၅။ | **တင်ဒါဖွင့်မည့်နေရာ** | - | တည်ဆောက်ရေး(၁)၊ အစည်းအဝေးခန်းမ၊ လှည်းကူးမြို့ |

**မှတ်ချက်။** တင်ဒါဖွင့်မည့်နေရာနှင့် အချိန်ပြောင်းလဲမှုရှိပါက ထပ်မံကြော်ငြာသွားမည်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကိုသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လှည်းကူးမြို့၊ ဖုန်း-၀၉-၇၉၈၇၀၁၂၈၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊**
**တည်ဆောက်ရေး(၁)၊ လှည်းကူးမြို့**

# တိုင်းဒေသကြီးအစိုးရအဖွဲ့
# တနင်္သာရီတိုင်းဒေသကြီး
# ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် စက်မှုလယ်ယာ ကဏ္ဍမှ အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် (DC-10 plus) | - | (၁၀)စီး |
| (ခ) | ကူဘိုတာထွန်စက်ကြီး (60 HP) + 6' Retavator+6 သွားထယ် | - | (၂)စီး |
| (ဂ) | ကူဘိုတာထွန်စက်ကြီး (50 HP) + 6' Retavator+6 သွားထယ် | - | (၅)စီး |
| (ဃ) | လက်တွန်းထွန်စက် (ဒေါင်ဖန်း)ပစ္စည်းအစုံ | - | (၂)စီး |
| (င) | လက်တွန်းထွန်စက်(ထိုင်းကျွဲ) ပစ္စည်းအစုံ | - | (၅)စီး |
| (စ) | ပဲရိတ်စက် | - | (၃)စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၀-၁၀-၂၀၂၂ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂-၁၁-၂၀၂၂ရက် ၁၆:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၁-၄၄၄၄၂၅၄၄၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ထားဝယ်မြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ အထက Grade (10)မှ နော်ရီထွေး၏ ဖခင်အမည်မှန်မှာ ဦးမောရှည် ၇/ကတခ (နိုင်)၁၀၉၄၉၄ ဖြစ်ပါသည်။

**ဦးမောရှည်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်၊ ကွင်းအမှတ်(၃၆/၁)၊ ဦးပိုင်အမှတ် (၁၀၈/က)၊ မြေဧရိယာ ၀ဒသမ ၀၆၇ဧကရှိ မြေကွက်ကို မူလက ဒေါ်လွန်းရင် အမည်ဖြင့် ၃၀-၆-၂၀၂၂ရက်အထိ ဂရန်သက်တမ်းရရှိခဲ့ပြီး ဦးပိုင်(၁၀၈/က-၂)၊မြေဧရိယာ ၀ဒသမ ၀၃၃ ဧက အပိုင်းကို ၁၂-၅-၂၀၂၂ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် ၁၈၂/၂၀၂၂ အရ ဒေါ်လွန်းရင်ထံမှ ဒေါ်ခင်စမ်းဖြူအမည်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်စမ်းဖြူ ၁/မကတ(နိုင်)၀၇၅၁၆၆ အမည်ဖြင့်မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာချက်

